သစ္စာဉာဏ်မြင်နိဗ္ဗာန်ဝင်



# ဝိမုတ္တိ ဉာဏ ဒဿန

၆၄
၀



ကျောက်သဘော်၌

ကျေးဇူးရှင် ဆရာတော်ကြီး ပုံတော်

၉ ၇ ၁ ၄

ကျောက်ဆည်မြို့

ကျေးဇူးရှင် ကျောက်သဘော် ဆရာတော်ဘုရားကြီး၏

တပည့်အရင်း

ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ မူးတိမ်ကျောင်း

၌

နေထိုင် သီတင်းသုံးတော်မူသော

ဝိပဿနာ နယ်လှည့် ဓမ္မကထိက

## ဦးနန္ဒိယ

အရှင်

ရေးသားစီရင်အပ်သော

# သစ္စာဉာဏ်မြင် - နိဗ္ဗာန်ဝင်

## ဟောစဉ်တရားတော်

## ဤစာအုပ်သည်

ကျေးဇူးရှင် ကျောက်သဘော် ဆရာတော်ဘုရားကြီး ခွင့်ပြုချက်အရ၊ မြန်မာပြည်လုံးဆိုင်ရာ ဝိမုတ္တိဉာဏဒဿန အဖွဲ့သူ အဖွဲ့သား တပည့်သာဝက အများက မဂ်ဖိုလ်နိဗ္ဗာန်ကို အလွယ်တကူ ရယူနိုင်ရန် သစ္စာနည်းကျကျ ရေးသား ညွှန်ပြပါရန် လျှောက်ထား တောင်းပန်ကြပါသဖြင့် စတုတ္ထအကြိမ် ရေးသား လိုက်ရပေသည်။

## အမှာ

ယခု ရေးသားလိုက်သော စာအုပ်သည် သံနေသံထားနှင့် ဖတ်ကောင်းအောင် ရေးသားခြင်းမဟုတ်၊ သစ္စာအမှန်တရား အပေါ်ကို သစ္စာဉာဏ်ဖြစ်ကြပါစေခြင်းငှာ၊ ညည်သန်စိတ်ထား၍ရေးသားလိုက်ခြင်း ဖြစ်သည်၊ သို့ကလို သစ္စာအမှန်တရား အပေါ်မှာ သစ္စာဉာဏ် မထားနိုင်ကြသဖြင့် ဂိုဏ်း ဂဏ ဝါဒ အသီးသီး ငြင်းခုံလို့ မပြီးနိုင်တဲ့ ငြင်းခုံမှုခရီးစဉ် သံသရာကြီး လမ်းရှည်နေသဖြင့် တရားရေးနှင့် အပန်းဖြေစရာ မတွေ့ကြ သေးတာဘဲလို့ ယုံကြည်ပါ၊ ဒါ့ကြောင့် မေတ္တာအမှန်နှင့် သစ္စာဉာဏ် ရကြပါစေခြင်းငှာ ရေးသားလိုက်သည့် အတိုင်း သစ္စာဉာဏ် ရကြလျှင်တော့ အယောနိသော လမ်းမရှည်တော့ဘဲ အပန်းဖြေစရာ စခန်းအသေအချာ တွေ့တော့မဟဲ့ ဆိုတဲ့ စိတ်ထားနှင့် ရေးသားလိုက်သမျှကို ဖတ်စေလိုသည်။

အဲဒါကြောင့် သစ္စာဉာဏ်ရလို့ ပစ္စက္ခ ဘဝမှာပင် ချမ်းသာရာရတဲ့ ဝတ္ထုသာဓကကိုလဲ ရေးပြသွားပါအုံးမည်။

# သစ္စာဉာဏ်မြင် - နိဗ္ဗာန်ဝင်

## ဟောစဉ်တရားတော်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ဝေမာနိက ပြိတ္တာမကြီးဝတ္ထုသာဓက

သာဓကဝတ္ထုက ဘာလဲဆိုတော့ သက်တော်ထင်ရှားဘုရားရှင် ရှိတော်မူစဉ်အခါတုန်းက တနေ့သ၌ လူပရိသတ်တွေကို တရားဟောလို့ အဆုံး၌ ရဟန်းပရိသတ်တွေကို နိဗ္ဗာန်နှင့် စပ်လျဉ်းတဲ့ တရားစကားကို ဟောပြော နေသတဲ့၊ ထိုအခါမှာ ဝေမာနိက ပြိတ္တာမ သားအမိသုံးယောက်တို့သည် ကဗဠီအဟာရ အငတ်ဘေးမှ ကာကွယ်ရေးအတွက် အစာရှာ ထွက်ကြရသတဲ့၊ သားကလေး နို့ညှာ၊ သူ့အမည်က ပုန္နဗ္ဗသုတဲ့၊ သမီးကလေး နို့စို့အမည်ကတော့ ဥတ္တရာ တဲ့၊ သူတို့ရှာဖွေစားသောက်ရတဲ့ အစာကတော့ လူတို့ထွေးအံ စွန့်ပစ်ထားတဲ့ ချွဲခန်းသလိပ် နှပ်တံတွေးဖြစ်သတဲ့။

သို့သော် ပြိတ္တာဆိုငြားသော်လဲ တိဟိတ်ပဋိသန္ဓေဖြစ်ပေတယ်၊ ပဝတ္တိအကျိုးက ညှံ့နေလို့ ပြိတ္တာလို့ အခေါ်ခံနေရတယ်၊ အပါယ်ဘုံက ပြိတ္တာမျိုးတော့ မဟုတ်ဘူးတဲ့၊ စတုမဟာရာဇ် ဘုံအဝင်အပါဖြစ်ကြတဲ့ ပြိတ္တာ အကြီးစားတွေပေါ့။

ဒါနဲ့ အစာရှာနေတုန်း ပြုန်းဆိုရဟန်းပရိသတ်တွေ စုရုံးပြီးနေတာ မြင်လိုက်တော့ စတုမဓုပျားသကာများ ဝေခြမ်းနေကြသလား ဟုအထင်တခုနှင့် ရဟန်းပရိသတ်အနီးသို့ သားအမိသုံးယောက်တို့သည် ချဉ်းကပ် ဆိုက်ရောက် သွားကြတယ်တဲ့။

အဲဒါလို ဆိုက်ရောက်သွားတာနဲ့ ဘုရားရှင်ကလဲ တရားပလ္လင်ပေါ်၌ တရားဟောနေသည့် အခိုက်နှင့် ကြုံကြိုက်သွားတော့ ဝေမာနိက ပြိတ္တာမကြီးက တရားတော်ကို မမှိတ်မသုံယုံယုံ ကြည်ကြည်နှင့် စူးစိုက်ပြီးသကာလ နာကြားနေတယ်၊ ထိုအခါ သားရတနာနှင့် သမီးခမျာကလေးက ဘုရားဘဂဝါရဲ့ တရားမမွှာပါကလားလို့ မသိကြရှာလေတော့ "အမေရဲ့ ဘာပြုလို့ ဒီနေရာမှာ ကြာကြာကြီး ရပ်နေရတာလဲ အစာလဲမရှာဘူးဆာလှပါပြီ" လို့ ဆူညံစွာ ပူဆာလိုက်ကြတော့ အမိခမျာကသားရတနာနှင့် သမီးခမျာလေးတို့ တရားအန္တရာယ်ဖြစ်မှာဘဲလို့အောက်မေ့ပြီး ချော့ရှာသတဲ့၊ ဘယ်ကဲ့သို့ ချော့ပါသလဲဆို တာ့—

တုဏှိ ဥတ္တရိကေ ဟောဟိ၊ တုဏှိ ဟောဟိ ပုနဗ္ဗသု၊
ယာဝ ါဟံဗုဒ္ဓသေဋ္ဌဿ၊ ဓမ္မံသောဿာမိသတ္ထုနော။

ဥတ္တရိကေ၊ ချစ်သမီးဥတ္တရာ။ တုဏှိ ဟောဟိ၊ ဆိတ်ဆိတ်နေပါလော့။ ပုနဗ္ဗသု၊ ချစ်သားပုနဗ္ဗသု။ တုဏှိ ဟောဟိ၊ ဆိတ်

ဆိတ်နေပါလော့။ ယာဝ၊အကြင်မျှလောက်။ အဟံ၊ ငါသည်။ ဗုဒ္ဓသေဋ္ဌဿ၊နတ်လူတို့၏ ဆရာ ဘုရားမြတ်စွာ၏။ဓမ္မံ၊တရားကို။ သောဿာမိ၊နာကြားလို၏။တာဝ၊ထိုမျှလောက်။တုဏှီ ဟောထ ဆိတ်ဆိတ်နေကြစမ်းပါလော့။

"သားတို့ သမီးတို့ မေမေလဲ မင်းတို့ရဲ့အပေါ်မှာ လွန်စွာမှ ချစ်ပါတယ် မြတ်နိုးပါတယ်၊ သို့ပေမယ်လို့ ဆင်းရဲကင်းရာ ကင်းကြောင်းဖြစ်တဲ့ တရားတော်ဆိုတော့ လွန်စွာမှ တောင့်တရ ပေတယ်၊ ဤကဲ့သို့ တရားအစစ်ဘဂဝါက ဟောပြတဲ့တရားအစစ် ရတနာကို တလုံးတပါဒမျှ မကြားမနာခဲ့ရသဖြင့် အလွန့်အလွန် ယုတ်မာဆိုးဝါးလှတဲ့ဘဝမျိုးနှင့် တွေ့ကြုံကာ ချွဲခန်း, သလိပ် နှပ် တံတွေး ရှာဖွေစားနေရတဲ့ အဖြစ်မျိုးမှာ ရောက်နေကြ ရတယ်၊ တိတ်တိတ်ကလေးနေကြစမ်းပါကွယ်"

အဲဒါလို မိခင်ခမျာက ချော့မော့လိုက်တော့ နို့ညှာဖြစ်တဲ့ သားရတနာကလေးမှာ ပါရမီဓာတ်တွေက လှုံ့ဆော်လာ ထင်ပါရဲ့ အမိပြောသမျှသဘောကျပြီး ထိုမိခင်ပင် ပြန်ပြောရှာ သတဲ့၊ ပြောပုံကတော့-

အမ္မာ နာဗျာဟရိဿာမိ၊ တုဏှီဘူတာယ မုတ္တရာ။
ဓမ္မမေဝ နိသာမေဟိ၊ နညာ ဒုက္ခံ စရာမသေ။

တာတအမ္မာ၊ အို....မိခင်။ နဗျာဟရိဿာမိ၊ ကျွန်တော် ဆိတ်ဆိတ်နေပါတော့အံ့။ အယံဥတ္တရာပိ၊ဤညီမကလေး ဥတ္တရာ သည်လည်း။ တုဏှီဘူတာ၊ ဆိတ်ဆိတ်နေပါပြီ။ ဓမ္မမေဝ၊ တရားတော်ကိုသာလျှင်။ နိသာမေဟိ၊ နားစိုက်၍သာ နားကြား

ပါလော့။ နည့ာ၊သူတော်ကောင်းတရား မသိခြင်းကြောင့်။ဒုက္ခ
ငတ်မွတ်ရှည်ကြာ ဆင်းရဲစွာလှ ပြိတ္တာဒုက္ခသို့။ စရာမသော၊
ရောက်ခြင်းကြီး ရောက်ရကုန်၏တကား။

အဲ ဤကဲ့သို့ ပြိတ္တာသားအမိနှစ်ယောက် တရားတော်ကို
မမှိတ်မသုံ ယုံယုံကြည်ကြည်နှင့် နာကြားနေပါကလား လို့
ဘုရားရှင်က တရားပလ္လင်ပေါ်ကနေပြီး သိတော်မူတာနှင့် သစ္စာ
လေးပါး တရားဓမ္မာကို ဟောပြလိုက်တယ်တဲ့၊ ဒီတော့မှ ပြိတ္တာ
သားအမိနှစ်ယောက်တို့မှာ ထိုသစ္စာလေးပါး မသိမှုဆိုတဲ့ အဝိဇ္ဇာ
မှောင်ကိုခွင်းပြီး သိမှုဆိုတဲ့ ဝိဇ္ဇာဉာဏ်ရောင် လင်းသွားတယ်၊
တနည်းအားဖြင့်လဲ သောတာပတ္တိမဂ် သောတာပတ္တိ ဖိုလ်ကို
တည်သွားတာပေါ့။

အဲ သို့ကလို ခွဲသလိပ် ရှာစားနေရတဲ့ ပြိတ္တာသည်ပင်
လျှင် ဘုရားရှင်၏ ဉာဏ်တော်မှီးပြီး တမဂ် တဖိုလ် ရသေးတာ
ဘဲ၊ ဤစာကို ဖတ်ရှု ကြားနာဘဲ့ သူတို့မှာလဲ ထိုသစ္စာလေး
ပါး တရားကို မသိ သိအောင် နာကြားသေ့လာကြ၊ သေချာ
ပြတ်သားစွာ ရေးလတံ့သော သစ္စာလေးပါး တရားကို သိမြင်
ရေးအတွက် ဖတ်သွားပါက သောတာပတ္တိမဂ် သောတာပတ္တိ
ဖိုလ်တွင်မက အရဟတ္တမဂ် အရဟတ္တဖိုလ်အထိ အသိဆိုက်ရောက်
နိုင်တယ်လို့ ယုံကြည်ပါ။

အဲဒီ ပြိတ္တာသားအမိနှစ်ယောက်တို့မှာ တမဂ် တဖိုလ် ရသွား
ကြတယ်၊ သမီးငယ် ဉတ္တရာကလေးမှာတော့ နို့စို့အရွယ် အလွန်
ငယ်သေးလို့ တမဂ် တဖိုလ်တော့ မရရှာဘူးတဲ့၊ သို့ပေမဲ့
ဉပနိဿယပစ္စည်း အကြောင်းတော့ဖြင့် ကောင်းကောင်းကြီး

ရသွားတာပေါ့၊ မိခင်ဖြစ်သူ ပြိတ္တာမကြီးက အရိယာ ဇာတ် ပြောင်းသွားတော့ သားရတနာရဲ့ ကျောကလေး သပ်သပ်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှာလွန်းလို့ "အမေ့သား မင့်မေး ရတာ မေးကျေးဇူးနပ်လှချည်သား၊ ဘုရားရှင် ဉာဏ်တော်ကို မှီးပြီး ငါ့သားကြီးလဲ ပညာရှိတဦး ဖြစ်ရပေပြီ၊ ဒို့သားအမိ တဘဝ တသက်တာမက အားရပါးရမှီဝဲနိုင်တဲ့ သူတော်ကောင်း ဥစ္စာ အေးငြိမ်းရာဖြစ်တဲ့ နိရောဓသစ္စာ ဓမ္မရတနာကြီးကို ရရ တွေ့ရပေပြီ" လို့ သားကလေးခါးကျူးပြီး အဖန်ဖန် ဥဒါန်း ကျူးရင့်ရှာသတဲ့။

အဲဒါကြောင့် ရှေး အရိယာတွေရဲ့ထုံး နှလုံးသားပြီး နေ့တပြုံးပြုံး ညတပြုံးပြုံးဆိုသလို သုံးမကုန်နိုင်တဲ့ သစ္စာ ဉာဏ်ရတနာကြီး ဖြစ်ထွန်း ပေါ်ပေါက်လာအောင် ရေးတော့ မယ်၊ သတိတရားဖြစ်အောင်သာ သတိထားပြီး ဖတ်ပေတော့။

သစ္စာဆိုတာ ဗမာလိုကတော့ မှန်တာကို ခေါ်ပါတယ်၊ အဲဒီမှန်တဲ့တရားက မူအားဖြင့် လေးပါးရှိတယ်၊ ယင်းလေး ပါးက ဘာများလဲဆိုတော့—

၁။ ဆင်းရဲတာအမှန်
၂။ ငြိတွယ်တာအမှန်
၃။ ငြိမ်းအေးတာအမှန်
၄။ သိမြင်တာအမှန်ရယ်လို့

အမှန်လေးချက် ဖြစ်ပါတယ်၊ ဤ အမှန်လေးချက်ထဲက ဗုဒ္ဓသည် ဘယ်အမှန်ကစ၍ ဟောပါသလဲဆိုတော့ ဆင်းရဲတာ အမှန်ကို စတင်၍ ဟောတော်မူပါတယ်။

ထိုဆင်းရဲတာအမှန်ကလဲ နှစ်ပိုင်းထွက်လာပြန်တယ်၊ ဒီဆင်းရဲ အမှန်နှစ်ပိုင်းထွက်နေတာကို ဘယ်ကဲ့သို့ သိရမလဲဆိုတော့ ဥတု သပ္ပါယ မညီမျှသည့်အတွက် ရုပ်ခန္ဓာဖေါက်ပြန်ပြီး ရုပ်မှာ ဖြစ်တဲ့ ဆင်းရဲတာအမှန်ရယ်၊ စိတ်သက်သက်တွေးပြီး စိတ်မှာ ဖြစ်တဲ့ ဆင်းရဲတာအမှန်ရယ်လို့ နှစ်မျိုးနှစ်စား နှစ်ပိုင်း ထွက် နေပါတယ်၊ စာလိုကတော့ ကာယိက ဒုက္ခနှင့် စေတသိက ဒုက္ခ လို့ ခေါ်ပါတယ်။

အဲ ဤကဲ့သို့ ဆင်းရဲခြင်း နှစ်ပိုင်း အမှန်ရှိတဲ့ အနက်က ရုပ်ကာယ ဖေါက်ပြန်လို့ ဖြစ်လာတဲ့ ဆင်းရဲခြင်းအမှန်ဒုက္ခကို သိရအောင် အရင်ရေးပြပါမယ်။

မကြည့်ရင်သာပေါ့၊ မသိစရာတော့ မဟုတ်ပါဘူး၊ အဲဒီ ဆင်းရဲခြင်း အမှန်ဒုက္ခကို ဗမာစကားပြီပြီ နှင့် ပြောရလျှင် ( အနေခက်တာပါဘဲ ) ဒီလောကအနေခက်တဲ့တရားက အနေ ခက်ပါတယ်၊ အနေခက်ပါတယ်လို့ အဖြေထွက်နေတာတောင် ယုံကြည်လောက်အောင် မမြင်ကြသေးရင်၊ ဒို့မျက်စိ အတော် အားနည်းသေးတာဘဲလို့ ရိပ်မိကြ၊ အနေခက်တဲ့ သဘောတရား အမှန်က ဘယ်ပုံခက်နေသလဲဆိုတော့ မစားရရင်အနေခက်တယ်၊ မသောက်ရရင် အနေခက်တယ်၊ အရာရာ ပြုပြင်နေကြရတာဟာ အနေခက် လို့ သေဘက်မပါအောင် ပြုပြင် နေကြတာဘဲ မဟုတ်လား။

သို့ကလို အနေခက်လို့ သေဘက်မပါအောင် ပြုပြင်နေရ ခြင်းသည် စင်စစ်ကတော့ မသေရက်ကို အဖိုးတန်ထားပြီးပြုပြင် နေကြရတာပေါ့၊ ဘယ်လိုပင် မသေရက်နှင့် နေရအောင် ပြုပြင်

ကြပါသော်လဲ ပြုသမျှတွေက အခြေပျက်သဖြင့် သောက်ပါအောင် အနေခက်တဲ့တရားအမှန်က နောက်က လိုက်လိုက်ပြီး အနေခက်တယ် အနေခက်တယ်လို့ နှုတ်ဆက်နေရက်ပါဘဲ။

အဲ ဤကဲ့သို့ သူငါမဟုတ်တဲ့ ခန္ဓာရုပ်အနေခက်လှတာကြောင့် ရက်လ မချာ သက်သာရ နေရာမပေးသဖြင့် လျှောင်းထိုင် ရပ် သွား ဣရိယာပုတ်လေးပါးတို့ဖြင့် ပြုပြင်ရတာက တဘက်၊ စားသောက်ရေးနှင့်ရောင်းဝယ်ရေးဘက်ကတဖုံ၊ ဥပမာအားဖြင့် ယုံလောက်အောင် ပြောရရင် အလွန့်အလွန် အကွေ့အကောက် ပေါသော ကုန်းလမ်း ရေလမ်းခရီးကြမ်း၌ မောင်းနှင် စုံမျော ရသော ကားသမား၊ လှည်းသမား၊ လှေသမား တို့သည် တကွေ့ပြီး တကွေ့ တွေ့နေရသလို သာဝကတို့မှာလဲ အမေ့ ဖျောက်နေလို့မရ၊ ခဏမကြာ အနေခက်တာကြောင့် ဒီဟာက ပြီးတော့ ဟိုဟာ၊ ဟိုဟာက ပြီးပြန်တော့ ဒီဟာ၊ သေမှာအပြီး ထိုခရီးသို့ သွားနေဆဲ၌ အနေခက်လှသည့် အကွေ့ အကောက် တရားတွေက မေ့ပျောက်လို့မရအောင် တကွေ့ပြီး တကွေ့ ဆိုသလို တွေ့နေကြတယ် မဟုတ်လား။

တွေ့နေကြရပုံတွေကို လျှောက်ပြောရရင် မကုန်နိုင်ဘူးပေါ့၊ ဟော မနက်မိုးလင်းလို့ အိပ်ရာထကာရှိသေး ကျင်ကြီးကျင်ငယ် မစွန့်ရရင် အနေခက်တဲ့ ဒုက္ခအကွေ့နဲ့ တွေ့၊ ထိုအကွေ့က လွတ်ပြန်တော့ ပါစက မီးတောက်က လောင်မြိုက်လို့ ဝမ်းဗိုက် ပူပြီး အစာအာဟာရ ဆာခြင်းဆိုတဲ့ ဒုက္ခအကွေ့နဲ့ ဝင်တိုက်၊ အကွေ့တွေ အကောက်တွေပေါလိုက်ထာဉာဏ်မီးခိုးလျှောက်ပြီး အရာရာမှာ ပေလာယ တိုးကြည့်ကြတော့။

ပြီးတော့ မနေသာမှုကြောင့် ဖွေရှာစုဆောင်းရခြင်းဆိုတဲ့ အကွေ့တွေက တခုလွတ်တော့ တခုတွေ့ ဆိုတာလို မေ့ဖျောက်လို့မရနိုင်အောင် အနေခက်နေတဲ့ သဘောအစဉ်ကို ကြည့်၍ ဗုဒ္ဓက မုချအားဖြင့် ဒုက္ခသစ္စာလို့ ဟောတော်မူခဲ့ပါတယ်။

သို့ကလို အနေခက် မသက်သာတဲ့ ဒုက္ခသစ္စာတရားက စထား လေတော့ (အနေချောင်အောင်လို့တဲ့) အဆိုးနာမ်နှင့် တမျိုး ကြံပါရော၊ ကြံပုံကတော့ သူတပါး ဘယ်လိုနေလိမ့်မယ်လို့ မစဉ်းစားနိုင်ဘူး၊ ငါနေသာရင်ပြီးရော ငါကောင်းရင်ပြီးရော ဆိုပြီး ကိုယ်ချင်းစာတရားအခြေခံမထားနိုင်တော့ဘဲမိမိမခံနိုင်တဲ့ အမှုတွေကို သူတပါးအပေါ်ပြုကြတော့တာဘဲ၊ သိထားကြဘို့က အကျင့်တရားပျက်ပြားတယ်ဆိုတာ မိမိတို့ မခံနိုင်တဲ့ အမှုတွေကို သူတပါးအပေါ်မှာ ပြုတိုင်းပြုတိုင်း အကျင့်တရားတွေပျက်ပြား နေတယ်လို့ သိပါ၊ အဲဒီလို ကိုယ်ချင်းစာတရား အခြေခံ မထားနိုင်ဘဲ အကျင့်တွေပျက်ပြားနေတာကလဲ သစ္စာဉာဏ်သွား မပေါ်သေးလို့ဘဲ မှတ်လိုက်ပါ၊ ဒုက္ခအကွေ့နဲ့ တွေ့တော့ မိမိမှာ သုခဖြစ်ကရောလို့ အဆိုးနာမ်ကကြံမိ ကြံရာ ကြံပါရော၊ အဲဒီတော့ သူတပါးခမျာ ဒုက္ခ တွေ ဖြစ်ကုန်ရော၊ အဲဒါ မခံသာတဲ့ ဒုက္ခအချက်ကြောင့် မေတ္တာဆိုတဲ့ စက်ကြီးလဲ ရပ်ရတော့တာပေါ့၊ သစ္စာဉာဏ်ဆိုတာ ဖြစ်လာတာ မှန်သမျှ ဒုက္ခအပြင် ပြောင်းလဲ၍ မဖြစ်ခဲ့ပါကလားလို့ သိတဲ့ဉာဏ်ကို သစ္စာဉာဏ်လို့ ခေါ်ပါတယ်။

အဲဒီကဲ့သို့ ဖြစ်စဉ်တွေကို ချုံရေးရရင် အနေခက်တာဖြစ်တယ်၊ မသက်သာတာဖြစ်တယ်၊ ပင်ပမ်းတာဖြစ်တယ်၊ အောင့်ထားလို့ မရ၊ တွန်းထားလို့မနေ၊ အိန္ဒြေဆယ်လို့မရနိုင်အောင် ဖြစ်နေတဲ့ တရားတွေဟာ ဒုက္ခအပြင် တရွေးသားမှ ပြောင်းဖြစ်တာ မဟုတ်ဘဲကိုးလို့ သိပါ။

သုံးဆဲ့တဘုံဆိုတာ ဒုက္ခဖြစ်လို့ ဒုက္ခပျက်၊ ဒုက္ခပျက်လို့ ဒုက္ခဖြစ်၊ ဒုက္ခသာလျှင် အသစ်အဟောင်းဆိုသလိုလဲ ဖြစ်နေပါ ကလားလို့ သစ္စာဥာဏ်ဖြစ်လာတော့ ငါ သူတပါး ယောကျာ်း မိန်းမ သား သမီး မြေး မြစ်ဆိုတာ ခေါ်ကာမျှခဏဘဲ၊ ပေါ်လာ သမျှကတော့အနေခက်တဲ့ ဒုက္ခမှ လွဲပြောင်း၍ မပေါ်စကောင်း ဘူးလို့ အသိထူးလာလေတော့ အတိတ် အနာဂတ် ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါး၌ ယုံမှားခြင်း လွတ်ကင်းပြီးအလင်းမြင်သွားတော့ တာပေါ့၊ ဘာ့ကြောင့်လဲဆိုတော့ လွန်ခဲ့တဲ့ အတိတ်တုန်းက ငါဖြစ်ခဲ့တယ် သူဖြစ်ခဲ့တယ် ဆိုတာ သမုတိစကားပြောဆဲ ခဏအငှားဘဲ၊ စင်စစ်ကတော့ ငါ သူ ဖြစ်ခဲ့တာမဟုတ်၊ အခံ ခက်တဲ့ ဒုက္ခတွေ ဖြစ် ဖြစ်လာတာဘဲလို့ သိတော့ အတိတ်က ဖြစ်ခဲ့တဲ့အပေါ်မှာ ယုံမှားခြင်းကင်းတယ်၊ ပစ္စုပ္ပန် ယခုဖြစ်ဆဲ အပေါ်မှာလဲ အနေခက်တဲ့ ဒုက္ခ အဖြေထွက်နေတာဘဲ လို့ သိတော့ ယခု ပစ္စုပ္ပန်မှာလဲ ယုံမှားခြင်း ကင်းတယ်၊ အနာဂတ် ဆိုတဲ့ ရှေ့အတို့မှာလဲ အာလယ မပြတ်သေးလျှင် အနေခက်တဲ့ ဒုက္ခမှ လွဲမဖြစ်ဘူးလို့ သိတော့ အနာဂတ်ဆိုတဲ့ ရှေ့ဘဝမှာ ငါဖြစ်အုံးမှာဆိုတဲ့ အနာဂတ် ယုံမှားခြင်းကင်းတယ်၊ အဲလို

သစ္စာဉာဏ် ဖြစ်လာတော့ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါးအပေါ်မှာ ယုံမှားကင်းတယ်လို့ ပြောတာပါ။

အဲဒါကြောင့် လက္ခဏာသစ္စာဆိုတဲ့ ပရမတ် တရားဟာ မဖောက်မပြန် မှန်တယ်လို့ အသိကြီးသိတို့ဘဲ၊ ဒီကဲ့သို့ မဖောက်မပြန်နေပုံကို ရှင်းလင်းသွားအောင် ချဲ့ရေးအုံးမည်။

သစ္စာတရား မဖောက်ပြန်ပုံကတော့ ပညတ်ဝိညာဉ် အယူအဆနှင့် အထင်ကရမရှိတဲ့ သုံးရုံ ခေါ်ရုံဘက် အသားပေးပြီး ငါ့ကိုယ်ရှိတယ် ငါ့လင် ငါ့မယား ငါ့သား ငါ့သမီး အဟုတ်တကယ်ရှိတယ်လို့ ဖြေမရအောင် ဆုတ်ယူထားပေမဲ့ အဟုတ်မှု တရားမပြောင်းဘဲ မှန်ပုံကိုသိပါ၊ သင်တို့ရဲ့အယူက မယားရှိတယ်လို့ ယူပေမဲ့ အနေခက်တဲ့ ဒုက္ခ တရားအမှန်က တကယ်မယားပြောင်းရွှေ့ပြီးဖြစ်လာသလား၊ သို့မဟုတ်ဒုက္ခအတိုင်းတိုင်း ဖြစ်နေတာ မှန်သလားလို့ ကြည့်ပါ သိပါလိမ့်မယ်၊ ဒီနေရာမှာ ပါဠိကိုးကားစရာ လိုမယ်မထင်ပါဘူး။

ဥပမာအားဖြင့် သင်နေတဲ့အိမ်သည် သစ်သားဆောက်လုပ်ထားတဲ့ အသားအိမ်မဟုတ်လား၊ သင်ရဲ့ အယူကတော့ ပတ္တမြားအိမ်ကြီးလို့ ယူချင်ရင် ယူနိုင်ပါတယ်၊ သို့သော် နဂိုရှိ အသားအိမ်က သင်ရဲ့အထင်အယူအတိုင်း ပတ္တမြားအိမ် အဖြစ်ပြောင်းရွှေ့မလာသကဲ့သို့၊ ထို ဥပမာနှင့် မခြားတမူ အလားတူသာလျှင် သင်တို့ သိတာ မသိတာ အသာထား နဂိုအစဉ်အားဖြင့် အမှန်ရှိတဲ့ ဒုက္ခသစ္စာတရားအပေါ်ကို ငါ့သားငါ့သမီးဟု အထင်အယူကြီးပေမဲ့ သင်တို့ အယူသီးတဲ့အတိုင်း ထိုဒုက္ခသစ္စာတရားက

သားလဲ ပြောင်းဖြစ်မလာ၊ သူ့သစ္စာဖျက်ပြီး သမီးလဲ ရွေ့ဖြစ်မလာတဲ့ သစ္စာတရားပါကလားလို့ သိပါ။

အတိုချုံး ရေးရလျှင်၊ သုံးဆဲ့ တဘုံဆိုတာ ဒီဒုက္ခသစ္စာကို ခေါ်တာပါဘဲ၊ ဖြစ်ပေါ်သမျှမှာလဲ ထိုဒုက္ခမှ လွှဲပြောင်း၍ ဘာမှ မဖြစ်ပေါ်နိုင်ဘူး၊ ပေါ်သမျှ ကတော့ မုချအားဖြင့် ဒုက္ခဲသာမှန်ပါတယ်၊ ပေါ်သမျှ ဒုက္ခဘဲဆိုတော့ သင်တို့ မျှော်သမျှတွေဟာ အချည်းနှီးဖြစ်ကုန်ပြီ မဟုတ်လား။

## သမုဒယသစ္စာ ရေးတော့မည် သတိထားဖတ်

မျှော်သမျှက သမုဒယသစ္စာမှတ်၊ ပေါ်သမျှက ဒုက္ခသစ္စာမှတ်၊ မျှော်တယ်ဆိုတာ ဘာကိုမျှော်သလဲလို့ မေးတော့အချိန်ပြောင်းပြီး အကောင်းမျှော်တာပေါ့၊ ပေါ်တော့ နေ့စဉ်နှင့်အမျှ ဘာပေါ်နေသလဲလို့ကြည့်ပါ၊ သင်တို့မျှော်သမျှ အကောင်းသုခ မပေါ်ဘဲ မကောင်းဒုက္ခတွေ ပေါ်နေတာ ငြင်းအုံးမလား၊ မျှော်တာက တပါး ပေါ်တာက တခြား ဖြစ်နေတယ် မဟုတ်လား။

ဥပမာအားဖြင့် သင်တို့ ကလေးတွေကို ဆုံးမကြတယ်၊ ဘယ်လိုများ ဆုံးမကြသလဲ ဆိုတော့ (တဲ့ သားတို့သမီးတို့ မပေးဘဲ ကြောင်တောင်ကြည့်ပြီး စားနေတဲ့ အိမ်များကို ပေးလိမ့်မယ် အထင်နှင့် သွားမျှော်မနေကြနဲ့၊ မပေးမဲ့အိမ် သွားမျှော်နေရင် ဒို့မျှော်နေသမျှ အလကားဘဲ ကိုယ့်အိမ်သာ အေးအေးနေကြ) လို့အများမိဘက ဆုံးမကြသလို၊ ဘုရားမိဘဖြစ်တော်မူတဲ့ ဗုဒ္ဓကလဲ (ဒုက္ခ တည်းဟူသော သုံးဆဲ့တဘုံ

အပေါ်မှာ အကောင်းမမျှော်ကြနဲ့၊ ဒုက္ခမှလွဲ၍ အကောင်း မပေါ်နိုင်ဘူး) လို့ မမြစကြာမှာ အချက်အခြာ အဓိကထားပြီး ဟောခဲ့ သွားတဲ့၊ အတွေ့ ယုံကြည်နိုင်အောင် မိမိ ခန္ဓာရဲ့ ဖြစ်စဉ်ကိုလဲ စုံစမ်းကြည့်ကြပါအုံး၊ ဒီတွေဟာ နေ့စဉ်နှင့် အမျှ ဆိုတာလို ဟိုရက်ကောင်းလိမ့်နိုးနိုး၊ ဟိုလ ကောင်းလိမ့် နိုးနိုး၊ ဟိုနှစ် ဟိုဘဝကျတော့ ကောင်းလိမ့်နိုးနိုးနဲ့ ရက်လ ဘဝတွေပြောင်းပြီး တဏှာဆိုတဲ့ လောဘကို ရှေ့ဆောင်ထား ကာ အကောင်း မျှော်ခဲ့ပေမဲ့ အို နာသေဆိုတဲ့ ဒုက္ခ တရား ကသာ ကြောင်တောင်ကြည့်ပြီး အိုပြနေတယ်၊ ကြောင်တောင် ကြည့်ပြီး နာပြနေတယ်၊ ကြောင်တောင်ကြည့်ပြီး သေပြနေ တယ်မဟုတ်လား။

ဒီတော့ စဉ်းစားဘို့က ဒီမျှော်တဲ့ အကောင်းက ရှိရက် သားနဲ့ မပေါ်ခဲ့သလား၊ သို့မဟုတ် မရှိလို့ မပေါ်ခဲ့သလား ဆိုတာ အတတ်သိရမယ်၊ မမျှော်ပေမဲ့ သူရှိတာကတော့ ပေါ်ပြ နေတာဘဲ၊ သင်တို့မမျှော်တဲ့ ဘာတွေများ ပေါ်နေသလဲဆို တော့ ညောင်းညာ ကိုက်ခဲ အလူး အလဲဖြစ်တဲ့ ဒုက္ခ ဝေဒနာ တွေ ဖြစ်မှ ဖြစ်ပါ့မလား လို့ မျှော်လင့်နေကြသလား၊ မျှော် လင့်ကြမယ် မဟုတ်ပါဘူး၊ မမျှော်လင့်ကြပေမဲ့ စုတ်သပ်အုံကြွတ် တဆိတ်ကလေး ပေါ်ခွင့်မရတိုင်း နားလို့မနေ အိန္ဒြေဆယ်မရ အောင် ဒုက္ခတည်းဟူသော အိုးကြီးထဲက ဒုက္ခတွေ ထွက်ပေါ် လာလိုက်တာ မသိချင်ယောင်ဆောင်နေလို့ တောင်မဖြစ်ပါဘူး။

လက်စသတ်တော့ သုံးဆဲ့တဘုံရဲ့ အပေါ်မှာ အ ကောင်း သုခဆိုတာ မရှိလို့လဲ မပေါ်နိုင်၊ မျှော်လင့်ချက်နဲ့

ပြုလုပ်သမျှကတော့ ဒုက္ခမှ လွဲပြောင်း ရွေ့ပြင်၍မရ၊ ဒီဒုက္ခ ဖြစ်ပေါ်ခဲ့မှာဘဲလို့ သိတဲ့ သစ္စာဥာဏ်ဖြစ်လာတော့ မရှိတာ မျှော်လင့်ချင်တဲ့ ဒီတဏှာ လက်ခံထားရတာ အလကား အချည်း နှီးဘဲလို့ သမုဒယ လောဘတဏှာ အလကား ညာတာပါက လားလို့ သမုဒယသစ္စာရဲ့အကြောင်းကိုလဲကောင်းကောင်းကြီး သိပါ။

တဏှာဆိုတာ ဘာလဲလို့မေးတော့ တဏှာဆိုတာ လိုချင် ကပ်ငြိ မရှိတာ မရနိုင်တဲ့အပေါ် မျှော်လင့်ပြီး ဆာနေတဲ့ စိတ် ဟာ တဏှာလို့မှတ်၊ ဆာတိုင်း နာတာက စေတသိက ဒုက္ခမှတ်၊ မဆာဘဲ နာတာက ယာယိက ဒုက္ခမှတ်၊ သိထားဘို့က မရှိမရ နိုင်တဲ့အပေါ် ဆာသမျှ နာမှုဒုက္ခမှ လွဲပြင်လို့ မရအောင် မှန် လွန်းလို့ ဒုက္ခသစ္စာလို့ ခေါ်တယ်၊ တနည်းအားဖြင့် ဆာ လောင်ကပ်ငြိ တဏှာစိတ် ဖိတိုင်းဖိတိုင်း ဝန်လေးတဲ့ဒုက္ခအဖြစ်မှ သုခအဖြစ်သို့ ပြောင်းမရအောင်မှန်လို့ လွဲမရအောင် မှန်လို့ ရွှေ့မရအောင်မှန်လို့ သစ္စာခေါ်တယ်မှတ်၊ တနည်းက ဒုက္ခ သည် သုခနေရာသို့ ဖေါက်ပြန်၍ မသွားလို့ ဒုက္ခသည်၊ ပုထု ဇဉ်တို့ယူတဲ့ အယူအတိုင်း ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျာ်း မိန်းမ အဖြစ် သို့ ပြောင်းလွဲ ဖေါက်ပြန် မသွားလို့ မဖေါက်မပြန် မှန်တဲ့တရားကို သစ္စာခေါ်တယ်မှတ်၊ ထိုမဖေါက် မပြန် တရားသေမှန်တဲ့ သစ္စာတရား သိတဲ့ဥာဏ်ကို အရိယာ ခေါ်ပါတယ်၊ ဒါ့ကြောင့် ဓမ္မစကြာပါဠိတော်မှာ(ဣဒံခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ) ဟု ဟောတော်မူခဲ့ပါတယ်။

# တိုတို ကျဉ်းကျဉ်း ရေးရလျှင်

မသိမှုဆိုတဲ့ အဝိဇ္ဇာမှီးပြီး စိတ်တဏှာ ကြီးသမျှ တဏှာရဲ့ ထွက်ကုန်ဟာ ဒုက္ခတရား မူသေထွက်ခဲ့တာဘဲလို့ တွက်လိုက်စမ်းပါ၊ အရင်းစိုက်ထားရတာက တဏှာ၊ အမြတ်ထွက်လာတာက ဒုက္ခဘဲလို့ မုချသိပါ၊ တနည်းသိဘို့ကတော့ မသိမှုဆိုတဲ့ အဝိဇ္ဇာအလို စိတ်တဏှာစက်ကြီးက လည်နေရင်တော့ ဝစီသင်္ခါရ ကာယသင်္ခါရ အစရှိတဲ့ ဒုက္ခပစ္စည်းတွေ ထွက်နေပါကလားလို့ သိပါ၊ ထိုလောဘတဏှာ သမုဒယတရားကလဲ မဖောက်မပြန် တရားဘဲ၊ ဘာ့ကြောင့်လဲဆိုတော့ သမုဒယသစ္စာသည် သူ့သစ္စာမဖျက် တကြောင်း တိုက်လုပ်တဲ့တရားဘဲ၊ တကြောင်းတိုက် လုပ်ပုံကတော့ ဆင်းရဲအောင် လုပ်တဲ့အလုပ်တခုက လွဲပြောင်းဖောက်ပြန်၍ မလုပ်ခြင်းကြောင့် မဖောက်မပြန် မှန်ကန်သော သစ္စာတရားခေါ်တယ်မှတ်၊ တနည်းအားဖြင့် ချမ်းသာတဲ့ နာမ်ဘက်သို့ ကူးပြောင်းပြီး လုပ်နိုင်သော ထုံးစံမရှိ လို့ သစ္စာတရားခေါ်တယ်လို့ သိပါ၊ ဒီလောက်ထိအောင် တကြောင်းတိုက် တဇောက်ထိုး အပေါက်ဆိုးနေတဲ့ သမုဒယတဏှာ သူလုပ်တာအကောင်းတွေ ထွက်အုံးမှာဘဲလို့ မျှော်လင့်ချက်နဲ့ နောက်ထပ်အားကိုးနေသေးရင်အဲဒါတဏှာ ပစ္စယာ တဏှာထပ်ဖြစ်တာဘဲလို့ သိပါ၊ အတိုနည်းအားဖြင့် တဏှာသည် ချမ်းသာအောင် မလုပ်တတ်တာမှန်တယ်၊ မှန်တဲ့အတိုင်း သိတာ သစ္စာဉာဏ် ခေါ်တယ်မှတ်၊ တနည်းအားဖြင့်လဲ တဏှာသည် နှိပ်စက်တာ မှန်တယ်၊ ဒီတဏှာ နှိပ်စက်တာအမှန်ကို သိတဲ့ သစ္စာဉာဏ်မရ

ကြပါသဖြင့် မသိမှု အဝိဇ္ဇာခမှောင်ထဲမှာ တဏှာက မှောင်ခိုပြီး တိတ်တိတ်ခိုးနှိပ်စက်တာ ခံနေကြရတာဘဲ မဟုတ်လား။

တဏှာနှိပ်စက်လို့ ဘယ်ကဲ့သို့ အလူးအလဲ ခံကြရပါသလဲ့ ဆိုတော့ တွေးမနေပါနဲ့ ကလေးတွေဘက်ကနေပြီးကြည့်ပါအုံး၊ တချို့များ ရုပ်ရှင်မကြည့်ရလို့တဲ့၊ အမေမိဘက မလိုက်နဲ့များ ပြောလိုက်ရင် လူးလှိမ့်ပြီး သက်ကြီးရှိုက်တငင် အပင်အပန်း ဆင်းရဲတန်းကြီး ခံစားနေရတယ် မဟုတ်လား၊ အဲဒါ ရုပ်ရှင် မကြည့်ရလို့ စိတ်ဆင်းရဲတယ်လို့ မယူပါနဲ့၊ မကြည့်ရတဲ့ အပေါ် ငြိတွယ်တဲ့ တဏှာနှိပ်စက်လို့ တရိပ်ရိပ် ဆင်းရဲတယ်လို့ သိပါ၊ ရုပ်ရှင် မကြည့်ရလို့ အလူးအလဲ ဆင်းရဲပါတယ် လို့ ယုံခဲ့ရင် မှောင်ခိုနေတဲ့တဏှာကို သင် မမြင်လို့ ပြောတာမှတ်၊ မှောင်ခိုနေတဲ့ တဏှာကို မြင်နည်းကတော့ ရုပ်ရှင် မကြည့်ရလို့ မဟုတ်ဘူး၊ ကြည့်ချင်တဲ့ တဏှာကြောင့် ဆင်းရဲတာဘဲလို့ သိရမယ်၊ ပွဲမကြည့်ရတိုင်း ဆင်းရဲတာမဟုတ်ဘူး၊ မကြည့်ရပေမဲ့ ကြည့်ချင်တဲ့ တဏှာမရှိတဲ့ ခန္ဓာအိမ်မှာတော့ ပကတိအတိုင်း အအေးတုံးကြီးဖြစ်နေတော့တာဘဲလို့ သိပါ၊ ဒီတဏှာ သမုဒယ စိတ်ရန်ဟာ နိဗ္ဗာန်နှင့် မနေရအောင် အလွန် နှိပ်စက်တာဘဲ။ သင်တို့ မြင်ဘူးကြမှာပေါ့၊ တချို့များ လင်သေလို့တဲ့ မစားနိုင် မသောက်နိုင် တမှိုင်မှိုင် တငေးငေးနှင့် အတွေးကြီး တွေးပြီး အဆွေးကြီး ဆွေးနေလိုက်တာ အဲဒါပေါ့ စိတ်ထောင်းလို့ ကိုယ်ကျေတယ်ဆိုတာ တနည်းအားဖြင့်လဲ စိတ်ကိုမှီပြီး ဖေါက်ပြန်လို့ စိတ္တဇရုပ် ခေါ်တယ်၊ ဒါ့ကြောင့်

ဗုဒ္ဓက ဆင်းရဲမှု ဥက္ကောင်းဟာ မသိမှုဘဲလို့ ဟောခဲ့တာပေါ့၊ ဘာကို မသိသလဲ ဆိုတော့ ဖြစ်လာတဲ့ဒုက္ခ ပျက်သွားတာဘဲလို့ မသိတာပေါ့၊ တနည်းဖြင့်လဲ စကထဲက နေစရာမဟုတ် သေစရာ ဖြစ်လာတဲ့ သေခြင်းတရား သက်သက်ပါကလား၊ ထိုသေခြင်း တရားအပြင် ငါလင်ရယ်လို့ ပိုင်းခြားပြီး တသီးတပုံ ပုံ၍ ချစ်စရာ လွန်းစရာမရှိ လင်လို့သိတာ စိတ်ဘဲ၊ စိတ်အပြင်လဲ ငါမရှိဘူး၊ လင်ဆိုတာ စိတ်ပေါ်တာပါကလား၊ ပေါ်တဲ့စိတ်နှင့် သေခြင်း တရားကလဲ ဘယ်လိုမှ မတော် ခဏပေါ်တဲ့စိတ်ဘဲလို့ မသိကြ သဖြင့် မရှိတဲ့အပေါ် ငါ့လင်လို့ အယူချော် သွားတာပေါ့၊ တနည်းအားဖြင့်လဲ သေတဲ့ တရားထဲကို ငါ့လင်ထဲ့ပြီး ယူမိလို့ ချော်တာပေါ့၊ ဒီတော့ တဏှာကလဲ အကျကောက်ပြီး နှိပ်စက် ရအောင်လို့ အချော်အတိမ်းကို စောင့်နေတယ်၊ ရှေ့စိတ်ကလဲ အယူချော်တော့ နောက်စိတ်က အပူပေါ်လာပါရော၊ သင်တို့ကို ဒီမီး ဘယ်သူရှို့တာလဲ လက်သယ်ရှာလိုက်တော့ မှောင်ထဲက တဏှာကိုတွေ့တာပေါ့၊ ပူတယ်ဆိုတာ သေတဲ့ တရားကြောင့် ပူတာမဟုတ်ဘူး မသေလို့တဲ့ အလို သမုဒယကြောင့် ပူတာပါ၊ တနည်းကြည့်တော့ မကွဲမကွာ အတူနေချင်လို့ပူတာ၊ အလိုတွေ များအားကြီးတော့ အပူမီးတွေဟာ တော်တော်နဲ့ အရှိန်မသေ နိုင်ဘူး၊ သင်တို့မှာ ဘာမှ လိုတာမရှိတော့ စိုးရိမ်ကြောင့်ကြ ပူပင် သောကတွေ တောက်လောင်နေတာ ဘာမှ မရှိဘူးလို့ သိပါ။

အလိုသည် ကြိုးရင်း သမုဒယသစ္စာ၊

ပူပန်မှုက ကြိုးဖျား ဒုက္ခသစ္စာ ခေါ်တယ်မှတ်၊

လိုတာကလဲ တရားအတိုင်း မသိလို့ လိုတာဘဲ၊ လိုတော့ အလိုကို မှီးပြီး အပူကြီးပူ အဆူကြီးဆူ အပွက်ကြီး ပွက်ကြ ရောပေါ့၊ စိစိတွေးတော့ ရေးရေးပေါ် ဆိုတာလိုပုထုဇဉ်များဟာ ဆင်းရဲမှု အခြေမပြတ်နိုင်အောင် တဏှာနှင့် ဂဟေစပ်ထားတော့ ထိုသတ္တဝါတွေရဲ့ ခန္ဓာအိမ်မှာ ဝင်ကာ ထွက်ကာနှင့် လမ်းသင့် နေတယ် ထင်ပါရဲ့ စားနေကြ ကြောင်ဘား ဆိုတာလိုပေါ့၊ ဒါ့ကြောင့်(ပီယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ) လို့ မမ္မစကြာမှာ လာတဲ့အတိုင်း အိပ်တန်းက ကြက်ကို ကြောင်က ဆွဲချသွားသ လို၊ တခါတခါ သူ့ဘာသာနေတဲ့ သတ္တဝါတွေကို မျှောင်ထဲ ကနေပြီး တဏှာက ဆွဲချသွားလိုက်တာများ ဘေးအိမ်တွေက ပြီးပါပြီ ပြီးပါပြီလို့ အော်ပြီး ဒီတိုင်းကြည့်နေလိုက်ရတာဘဲ၊ တဏှာက ဘယ်လိုများ ဆွဲချလဲဆိုတော့ ချစ်တဲ့သူနှင့် အတူမ နေကြွကွင်းရလို့တဲ့၊ နှင် ဒီလိုနေရတာထက် သေရတာက ကောင်းသေးတယ်ဆိုပြီး ရေထဲသို့ ဆွဲချလိုက်တာ မဟုတ်လား၊ တချို့ကြိုးဆွဲချသေကြတယ် မဟုတ်လား၊ အဲဒါဟာ လိုတာမရ လို့ အမမ္မနှိပ်စက်တဲ့ တဏှာမြေဘဲ မှတ်ထားကြ။

ဒါ့ကြောင့်ဘုရားရှင်ကဒီတဏှာဟာ ချည်နှောင်ဖွဲ့တွယ်အလွန့် အလွန်ဆင်းရဲသော နယ်ဘက်သို့ ပို့ဆောင်တတ်တယ်လို့ဟောခဲ့ တာပေါ့ ဥပမာအားဖြင့် တောင်းတိုင်းပေးလို့အားမရတဲ့မြေ လို့ သိရမယ်၊ သမုဒယသစ္စာ တဏှာလောဘ တရားဆိုး တရား ညစ်ဟာလဲ ဘယ်လိုပေးပေး ဘယ်လိုကျွေးကျွေး ဝပြီတော် ပြီလို့မရှိဘူး၊ ဒီဟာလိုလို့ ဒီဟာပေးပြန်တော့ ဟိုဟာရွေ့ပြန် တာဘဲ၊ တခါဟိုဟာပြီးတော့ ဒီဟာပြောင်းပြန်တာဘဲ၊ ဤကဲ့

သို့ နေရာရွှေ့ပြောင်းပြီး တဏှာကနှိပ်စက်ပုံကို အကဲခတ်ပါ တယောက်ထဲနေရတာပျင်းလိုက်တာတဲ့ အဲဒါတဏှာကနှိပ်စက်ရ အောင် နေရာရွှေ့ရှာတာဘဲမှတ်၊ အရဟတ္တမဂ်ဉာဏ် မဖြစ်သမျှ တော့ တဏှာက ငြိမ်ငြိမ်နေတာကို မကြည့်ချင်ဘဲကိုး၊ အလွန် ဆိုးတဲ့တဏှာဘဲလို့ ရိပ်မိပါ၊ ရိပ်မိရင် မကြာခင်သက်သာပါလိမ့် မယ်၊ သူ့အကြောင်း မရိပ်မိရင်တော့ တပတ်ပတ်နဲ့ မပြတ်နှိပ် စက်ခံနေရမှာ သေချာတယ်လို့ ဆုံးဖြတ်လိုက်၊ ဒါကြောင့် ဒီတဏှာကမရပ်မနား ရဟတ်ချားဆိုသလို ရပ်နားခွင့်ကို တယ် ပေးချင်တာမဟုတ်ဘူး၊ ဒီမှာတယောက်ထဲ နေရတာပျင်းတယ် ဆိုပြီးဟိုအိမ်သွားလယ် ဟိုအိမ်ကလောကုတ္တရာတရားအကြောင်း များ စပ်မပြောလိုက်နဲ့ သူ့ရန်သူဘဲ၊ ဒီအထဲက ဘုချပြီးဘယ် သူ့မှ ဂရုမစိုက်ဘူး၊ တအိမ်ကူးသွားပြီး အတင်းအဖျင်း ပြော မောလောက်တော့ထပြန် အနည်းနည်းနဲ့ သေကြောင်း ကြံနေ တဲ့ တဏှာက ဆင်းရဲတဲ့တွင်းထဲ အတင်းနည်းနဲ့ဆွဲချ အပြော့ နည်းနဲ့ဆွဲချ ဒီတဏှာဆွဲချတိုင်း ဆင်းရဲတွင်းထဲသို့ တဖုံန်းဖုန်း တအုန်းအုန်း ကျနေကြတာဘဲမဟုတ်လား။

အဲ သို့ကလို ထိုဆင်းရဲတွင်းသို့ မကျဆင်းရအောင် လွတ်ကရော့ဟဲ့လို့ တဏှာမသိအောင် ဒါနသီလသမထဘက် အားတက်သရောနှင့် နိဗ္ဗာန် အရောက် လုပ်ပြန်ပါတော့လဲ နောက်ဖေး ပေါက်ကနေပြီး တဏှာက ခြေသံ သာသာနှင့် တက်လာကာ သူ့ရှေ့ထွက်ကြိုးဆွဲ လုပ်ပြန်တာဘဲ၊ လုပ်ပုံကား မူလစိတ်ဓာတ်ကတော့ ဒုက္ခဝဋ်စက်မှ လွတ်ထွက်အောင်လို့ တဲ့၊ နောက်တော့ ရေစက်ခွက်ကိုင်ကာ ရှိသေး တဏှာက

ရှေ့ပြေးလုပ်ကာ ဟိုဟာဖြစ်ချင် ဒီဟာဖြစ်ချင် ဟိုဘဝ ဒီဘဝ ဖြစ်ချင်တဲ့ အာလယ တဏှာသေကြောင်းကြံတာ မဟုတ်လား၊ ဤကဲ့သို့ တဏှာအဟောင်းက သေကြောင်းကြံ ပို့လိုက်လို့ သေရတော့မဲ့ဆဲဆဲ တဲတဲမျှနေရတဲ့အထဲ နောက်ဘခါအသေခံ ထွက်ရအောင် ကြံပြန်တာ မုချဘဲလို့သိပါ၊ ဗုဒ္ဓက( ဒုက္ခအပြင် ဘာမှ လွဲမဖြစ်နိုင်ဘူး ) လို့ ဟောခဲ့တဲ့အတိုင်း သစ္စာဥာဏ် မဖြစ်လေတော့ တဏှာညစ်တိုင်း လှည့်ပတ်တိုင်းယုံမှားနေတော့ တာပေါ့၊ ယုံမှားဆိုတာ မဟုတ်တာအဟုတ်မှတ်လို့ မှားတယ်၊ ဘာမဟုတ်တာလဲဆိုတော့ သူမဖြစ် ငါမဖြစ်တဲ့ ဒုက္ခသစ္စာ ဖြစ်ရပ်ပေါ်မှာသူဖြစ်မှာ ငါဖြစ်မှာ အဟုတ်ဘဲလို့ သွားယူမိလို့ မှားတာမှတ်၊ လှူရာဒါန်းရာ ပေးရာ ကမ်းရာမှာ တဏှာ မပါဘူး ပါတယ် အကဲခတ်ပေါ့၊ သူပါရင်လှူရာမှာလဲချီးမွမ်းစေ လိုတဲ့ အလိုဖြစ်တယ်၊ ချီးမွမ်းစေလိုတဲ့ အသိကိုမိုးပြီးကဲ့ရဲ့မှာ လားလို့ စိုးရိမ်ဘယ်၊ တနည်း ချီးမွမ်းမှုကို တောင့်တတယ် ကြောင့်ကြတယ်၊အဲဒီစိုးရိမ်တောင့်တ ကြောင့်ကြမှုတွေကတော့ တဏှာသမုဒယရဲ့ သားမြေးတွေပါဘဲ။ ဒီကဲ့သို့ တဏှာ လောဘ ဖခင်နှင့်ဘက္ခ သားမြေးတွေပါ ဝိုင်း ဆွလိုက်တော့ အလှူ့တကာ လို့ အသမုတ်ခံရတဲ့ ရုပ်အစဉ် နာမ်အစဉ်ဟာ ဘယ်မှာ အိမ်ခြေထားရတော့မှာလဲ ဘုတ် လူမိသလို နေတော့ တာပေါ့၊ ဒီတဏှာဟာ နေရာတိုင်းအိမ်ခြေမရအောင် လုပ်နေတာ မဟုတ်လား၊ဆွမ်းတော်ခွက်ကလေးနှင့်ဘုရားရှေ့တော်ရောက်ခါ ရှိသေး ဘုရားအရင် ကျီးကန်းကဦးဆိုသလို ဆွမ်းတော်ခွက်က ငယ်ငယ်ပါဘဲ၊ တဏှာက မှောင်ထဲကထွက်တဲ့ပြီး လူနတ်ဗြဟ္မာ ချမ်းသာကို ရချင်လိုတာနှင့် သူရချင်တာတွေ တောင်းပြီး

ဆင်းရဲကင်းတဲ့ နိဗ္ဗာန်ကျတော့ အငွေ့အသက် လောက်နောက်ဆက်က ပါတော့တာပေါ့။

အဲဒါကြောင့် အရာရာမှာ တဏှာသမုဒယ နှိပ်စက်လို့ အိန္ဒြေမဆယ်နိုင်ဘဲ အရှက်ကွဲလို့ အကျိုးနည်းရတဲ့ ပုံသက်သေအရှိကို ရေးထည့်လိုက်ပါအုံးမယ်။

ရှေးအခါတုန်းက သိဝိတိုင်းမှာ တိရိဋ္ဌိဝစ္ဆ သူဌေးကြီး၏ သမီးဟာ အလွန်လှပသောကြောင့် ဥမ္မာဒန္တီ ဟု အမည်ရှိသတဲ့ ဥမ္မာဒန္တီ ဆိုတာ မြန်မာလို ပြန်လိုက်တော့ အရူးမ တဲ့၊ သူရူးတာတော့ မဟုတ်ဘူး သူ့ကိုမြင်တဲ့သူတိုင်း အရူးလိုဖြစ်စေတတ်သောကြောင့်တဲ့၊ ဒီနာမည်မျိုးဟာ ဘုရားရှင်လက်ထက်ကလဲ အလွန်လှတဲ့ အမျိုးသမီး တယောက်ကို ကာဏာ အကာဏ်းမလို့ သူ့အမေက အမည်ပေးထားသတဲ့၊ သူ့ကို မြင်သူတိုင်းဟာ အကာဏ်းလိုဖြစ်သွားအောင် လှလွန်းလို့တဲ့၊ ( အဲတာဒုက္ခသစ္စာပေါ် တင်စားရေးတယ်မှတ် )

ဒီကဲ့သို့ အကျိုးပေးပုံ ကာမာဝစရ ကုသိုလ်ကို စုံစမ်းကြည့်တော့ ဥမ္မာဒန္တီ မဖြစ်မီ ဘဝတဘက်က အလွန်ဆင်းရဲတဲ့ သူဆင်းရဲဘဦး၏ သမီးကလေး ဖြစ်ခဲ့တယ်၊ သူများနည်းတူ ဝတ်ပန်းဆိုးနီနီ ဝတ်ချင်တာနှင့်မိဘကလဲ ဝယ်မပေးနိုင် သဖြင့် သူဌေးတဦးအိမ်မှာ သုံးနှစ်အစေခံပြုလုပ်တော့ ဝတ်ပန်းဆိုးကြီး တထည် သူသဘောကျရသတဲ့၊ ဝတ်ပါတော့မယ်လို့ ရေဆိပ်သွားပြီး ရေချိုးနေတုန်း ဗြုန်းဆို ရဟန်းတပါးကလဲသင်္ကန်းကို ခိုးသူလုသွားလို့ သစ်ခက်သစ်ရွက်တွေဖုံးအုပ်လျက်ထိုနေရာသို့ ရောက်လာသတဲ့၊ ဒီတော့ ဥမ္မာဒန္တီ လောင်းကလေးဟာ

"ငါသည် ရှေးက ဒါနဖြင့်နည်းပါးခဲ့လို့ အဝတ်ဖြင့် ဆင်းရဲရတယ် မဝတ်တော့ပါဘူးဟဲ့"လို့ ဝတ်ချင်တဲ့ တဏှာကို နှိမ်နှင်းပြီး စီဝရဒါန သင်္ကန်းဖြင့် လှူဒါန်းလိုက်တယ်၊ ဒီအထိ သူ့မှာ ဘာမှပြောစရာမရှိသေးဘူး တော်သေးတယ်၊ နောက် ထိုရဟန်းက သင်္ကန်းကို တပိုင်းကဝတ်၊ တပိုင်းကရုံလိုက်တော့ နေလုင် ထွက်လာသကဲ့သို့ တကိုယ်လုံး တင့်တယ်တာကို မြင်ရသတဲ့၊ ဒီတော့ ဥမ္မာဒန္တီ အလောင်းကလေး ရှုးတော့မယ်၊ ရှုးပုံကတော့ "အရှင်ဘုရား၊ တပည့်တော်မသည် ဤစီဝရဒါန လှူရသောအကျိုးကြောင့် ဖြစ်လေရာဘဝမှာ လှပသောအဆင်း ရှိသူ ဖြစ်ရပါလို၏၊ မြင်သူတိုင်း ရှုးလောက်အောင် အလှတွင် ထိပ်သီး ဖြစ်ရပါလို၏" လို့ ဆုတောင်းရှုး ရှုးလိုက်သတဲ့။

ဒီမှာ သင်္ကန်းဆိုတာ နိဗ္ဗာန် ကြွသွားသော အရိယာများ ဆင်မြန်းပြီး ကိလေသာ သတ်ရာ တိုက်ပွဲ၌ အောင်လံထူရတဲ့ သင်္ကန်းဖြစ်တယ်၊ နိဗ္ဗာန်တိုင်အောင် ရောက်စေ ရစေနိုင်လျက် ဒုက္ခကင်းတဲ့ နိဗ္ဗာန်ကိုတော့ မရည်မှန်းဘဲနှင့် ဒုက္ခမကင်းတဲ့ အလှဆုံး ခရမ်းချဉ်သီးမှည့်ကို ပတ္တမြားထင်ပြီး တောင်းမိလိုက်တယ်၊ ဒီတော့ သူကိုယ်တိုင်ရှုးတဲ့ ဥမ္မာဒန္တီကတော့ ယခုဘဝက ဖြစ်နေပြီ၊ သူတပါး ရှုးစေတဲ့ ဥမ္မာဒန္တီကတော့ နောက်ဘဝမှ ဖြစ်ရမယ်မဟုတ်လား၊ ဒီလို ဒါနကုသိုလ် ပုညာဘိသင်္ခါရ ဆင်ကောင်ပုတ်နဲ့ သံသရာထဲမှာ ဝဲလှည့်ကာ ကြွားချင် မော်ချင်လွန်းလို့ ချမ်းသာရာ ကမ္ဘာ့ရောက်အောင် မကပ်နိုင်ခြင်းကြောင့် ဥမ္မာဒန္တီအရှုးမ ဆင်စီးမှားတယ်လို့ ဆိုလိုတယ်၊ "ဥမ္မာဒန္တီဟာ လှပေမဲ့ ကြက်သရေမရှိဘူး သူယုတ်မာမ"ဟု

အဆိုခံရခြင်း စသော သံသရာဘေးကို မမြင်သောအဝိဇ္ဇာမှောင် ဖုံးနေလို့ သင်္ကန်းအလှူ ပုညာဘိသင်္ခါရ ဖြစ်အောင် ပြုတာ နတ်သမီး လိုချင်လို့ ချောက်ထဲ ခုန်ဆင်းတာဘဲ၊ အဆိုခံရတဲ့ ချောက်ထဲ ကျရှာတယ်၊ ရွှေတောင်အထင်နှင့် မီးပုံထဲ ခုန်ဆင်း တာဘဲ၊ပျားရည်လူးထား သန်လျက်သွားကို လျက်မိမှားတာဘဲ၊ ဒီလို ကာမာဝစရ ကုသိုလ်မျိုးကို သံသရာမှ မထွက်နိုင်ဘူးလို့ အပြစ် ဆိုထိုက်တယ်၊ ဒါဟာ စင်စစ်ကတော့ ဝဋ္ဋ ဒါန က သံသရာ လှည့်တာမဟုတ်ပါဘူး၊ အဓိက စွန့်ရမှာက တဏှာ စွန့်ရမှာ၊ ဒီကဲ့သို့ စွန့်လွှတ်တတ်တဲ့ သစ္စာဉာဏ် မရကြသဖြင့် တဏှာဝင်ပူးတော့ အရူးလုပ် လုပ်မိတာပေါ့၊ ဒီလိုအရူးလုပ် လုပ်ခဲ့တော့ ဥမ္မာဒန္တီဆိုတဲ့ အရူးဖြစ်ခဲ့တာပေါ့။

အဲဤကဲ့သို့ အလှတင်ထိပ်သီး တဏှာနှင့်ရင်းနှီး လမ်းဖေါက် ပေးလိုက်လို့ သိဝိတိုင်းမှာ ဥမ္မာဒန္တီလို့ အသမုတ်ခံရတဲ့ ရုပ်နာမ် ဒုက္ခ ရောက်လာတာဘဲပေါ့။ ဟောဒီလို ဒုက္ခတွေ ရောက်လာတဲ့အပေါ် ဥမ္မာဒန္တီလို့ ခေါ်ရတာက (ပညတ်) မှတ်၊ ပေါ်သမျှ စိတ်အစဉ် ရုပ်အစဉ် ဒုက္ခ အစဉ်က (ပရမတ်) ဟု အတတ်သိ၊ အဲဒါလို လက္ခဏာသစ္စာတရား လက်ရှိ ဉာဏ်ပိုင် မထားနိုင်လေတော့ ဒုက္ခ အစဉ်ကို ဥမ္မာဒန္တီ ထင်ယူသဖြင့် ဘုရင်တဆူ သမုတ်ရတဲ့ သိဝိမင်းကြီးသည် "ဥမ္မာဒန္တီဟာ ရှူးသောက် အလှဘုရင်မလေး" ဟု သိဝိမင်းကြီးရဲ့ နားတော် ကြားတော့ လက္ခဏာဖတ်တတ်တဲ့ ပုဏ္ဏားလေးယောက် လွှတ် ပြီးသကာလ စုံစမ်းခိုင်းလိုက်သတဲ့။

သိဝိမင်းကြီး ဆိုတာလဲ၊ ခေါ်စရာ ပေါ်လာတဲ့ ပရ မတ်ကို တင်စားရေးရတာ သစ္စာဉာဏ် သဘောမှီအောင်လိုက်၊

စင်စင်ကတော့ သိဝိမင်းကြီးမဟုတ်ဘူး၊ ဘာဟုတ်သလဲဆိုတော့ သစ္စာတရားမသိတဲ့ အဝိဇ္ဇာလက်အောက်က စိတ်တကျာ အသက်ရှူပေါက်ယူနေတာ မှန်တယ်၊ ဒီတကျာက အသက်ရှူပေါက်ယူတာဟာ တခြားမမှတ်နှင့် ဆင်းရဲရာသို့ ပို့မယ်လို့ လမ်းရှာတော့တာဘဲမှတ်၊ ဒါနဲ့ ပုဏ္ဏားလေးယောက်ကို စုံစမ်းခိုင်းလိုက်ကရော၊ သူဌေးကြီးကလဲ ရှင်ဘုရင် ခိုင်းလိုက်တယ်လို့ သိတော့ ထမင်းကျွေးပြီး ညှော်ခံသတဲ့၊ ဒီကဲ့သို့ ပုဏ္ဏားတွေ ထမင်းစားနေတုန်း ထမင်းတောင် ဖြောင့်ဖြောင့် မစားရအောင် တကျာက မှောင်ထဲက ထွက်ပြီး အရှက်ခွဲလိုက်ပုံများတော့ ဥမ္မာဒန္တီက အခမ်းထဲက ထွက်လာတာကို မြင်လိုက်တာနှင့်(စက္ခုသမ္ဖဿဇာ ဝေဒနာ) ဆိုသည့်အတိုင်း ရေထဲ ခဲကျသည့်ပမာ ဒွါရအစဉ် အကြည်ပြင်ပေါ်မှာ ဝေဒနာတွင်တွင် ဖြစ်နေပါကလားလို့ မသိလေတော့ ထိုဝေဒနာဒုက္ခ အစိုးပေါ်ပေါ်မှာ တကျာက အခိုးလွှတ်ပြီး မှိုင်းထိုးထားလိုက်တာနှင့် ထမင်းစားတဲ့ ထိုပုဏ္ဏားလေးယောက်တို့မှာ ထမင်းခွန့်စရာ ပစပ်ပေါက်တောင် ဘယ်နေမှန်းမသိတော့ဘဲ တချို့ပုဏ္ဏားက ချိုင်းကြား ခွန့်နေသတဲ့၊ တချို့ပုဏ္ဏားက ခေါင်းပေါ်ချော်ခွန့်နေသတဲ့၊ အချို့ပုဏ္ဏားက ထမင်းပုံကို လက်ဝါးဖြင့် ရိုက်နေလိုနေ၊ တယောက်သောပုဏ္ဏားကတော့ ပြူးကြည့်နေသတဲ့။

ဥမ္မာဒန္တီရဲ့ အပေါ် လက္ခဏာ ဘယ် ကြည့်နိုင်တော့မလဲ ဒီတော့ ဥမ္မာဒန္တီက "အရှူးတွေဆင်းသွားကြ" လို့ နှင်ချလိုက်သတဲ့၊ အဲဒါလိုနှင်ချလိုက်တော့မှ ပုဏ္ဏားတွေ စိတ်ဆိုးဝမ်းနည်းအရှက်ကွဲပြီး အိမ်ပေါ်က ဆင်းပြန်ကြရသတဲ့၊ နန်းတော်ရောက်တော့မှ ရှက်ရှက်နဲ့ "ဥမ္မာဒန္တီသည် လှပေမဲ့ သူယုတ်မာမ

လက်ခွာထားပါတယ်" လို့ ရှင်ဘုရင်ကို လှည့်ပတ်ပြီး သံတော်ဦး တင်ကြသတဲ့။ ရှင်ဘုရင်ကလဲ ရမ်းပြီး "သူယုတ်မာမကလေး" လို့ သတ်မှတ် ထားတော့တာပေါ့ ဒါနဲ့ ဥမ္မာဒန္တီကလဲ သူ့ကိုသူ ယုတ်မာမ သတ်မှတ်တယ်လို့ ကြားကထဲကရှင်ဘုရင်အပေါ်မှာ ရန်ငြိုးဖွဲ့ထားလိုက်သတဲ့၊ အဲဒါလိုရန်ငြိုးဖွဲ့ထားတုန်း ရှင်ဘုရင်က ရထားနှင့် မြို့လှည့်လာတဲ့အခါ ဥမ္မာဒန္တီအိမ်ပေါက်ရောက်တော့ ဥမ္မာဒန္တီက တံခါးပေါက်မှာ ပန်းတောင်းကလေး ကိုင်လာပြီး ရှင်ဘုရင်ကို ပန်းပွင့်နှင့်ပေါက်လိုက်ခါ တံခါးပိတ်လိုက်သတဲ့၊ ဒီတော့ ရှင်ဘုရင်က ဥမ္မာဒန္တီကို ရိပ်ခနဲမြင်လိုက်တာနဲ့ တဏှာ က ရထားပေါ်က ဆွဲချလိုက်တာ ရှင်ဘုရင် ဘာမပြောနဲ့တော့ ဂျွမ်းထိုးမှောက်ခုန်ကျပြီး မူးမေ့သွားသတဲ့၊ သတိရလာတော့ မြို့တော်ကို မလှည့်နိုင်တော့ဘဲ နန်းတော်သို့ ပြန်သွားပြီးအိပ်ရာ ထဲမှာ မျှားမှန်တဲ့သမင်လို လူးလှိမ့်လျက် "ငါ့ကိုရူးစေတဲ့ သူငယ်မ၊ မုဆိုးကြီးသမင်မကြည့်ရဲသလို ငါ့ကိုမရဲတရဲနှင့် ကြည့် တဲ့သူငယ်မ၊ ငါစိတ်ကို ငါမနိုင်တော့ပါဘူး ငါတော့ရူးပါပြီ၊ ခုနှယ်အခါ သိကြားမင်းဆင်းလာပြီး ဘယ်ဆုများတောင်းမလဲ လို့ မေးခဲ့ရင် ဒီအပြင် ဘယ်ဆုမှ မတောင်းတော့ပါဘူး" ဟု ညည်းညူလျက် မစားနိုင် မအိပ်နိုင်ဖြစ်သွားသတဲ့၊ စစ်သားတွေ ကိုင်တဲ့ ခြောက်လုံးပြူးက အများမြင်တယ်၊ တဏှာကိုင်တဲ့ ခြောက်လုံးပြူးက အများမမြင်ဘူး၊ မမြင်ပေမဲ့ စိတ်ကူးတိုင်း တော့တဒက်ဒက် ထွက်မှန်နေတယ်၊ တဏှာရဲ့လက်နက်က ဘယ် အထိ စွမ်းတယ်ဆိုတာ အကဲခတ်ပေတော့၊ ရထားပေါ်က ရှင်ဘုရင်ကို ဆွဲချပြီး ပစ်လိုက်တာ နန်းတော်ပြန်ကာ အိပ်ရာ ပေါ်မှာ ထိမှန်တဲ့ဒဏ်ချက်ကြောင့် အလူးအလဲ အသဲအသန်

အတော်ခံရတယ် မဟုတ်လား၊ အဲ ဒီကဲ့သို့ တဏှာ စိတ်ရန် နှိပ်စက်တိုင်း အလူးအလှိမ့် ခံရတာဟာ သူ့ကို နိုင်နင်းတဲ့ လက္ခဏာဉာဏ် သစ္စာဉာဏ်ဆိုတဲ့ သူတော်ကောင်း လက်နက်ကြီးက လွတ်နေသောအခါ ဇွတ်မှိတ် ခံရတော့တာဘဲပေါ့၊

အထက်က ဝတ္ထုသာဓကနှင့် ရေးပြခဲ့တဲ့ သိဝိမင်းကြီး နှင့် ပုဏ္ဏားတွေသာ မဟုတ်ပါဘူး၊ လက္ခဏာ သစ္စာဉာဏ် မရသူရဲ့ ခန္ဓာအိမ်မှာတော့ တဏှာက လမ်းသိနေပြီးသားဘဲ သူထင်သလို၊ မွှေမှာပေါ့၊ ဒီတဏှာစိတ်ရန်ကလဲ အရဟတ္တမဂ်ဉာဏ် ကို ရမှဘဲ နိုင်နင်းစွာ အစုံးချသွားလို့ အမြဲတန်းငြိမ်းချမ်းရမှာကိုး၊ သို့သော် ဒီလောကထိအောင် တခါထဲ နိုင်နင်းစွာ အစိုးမရပေမဲ့ အားမငယ်ပါနဲ့. တဏှာ ဆိုတဲ့. သူ့.အကြောင်းကို ကောင်းကောင်း သိသွားရင် ရှေးဦးစွာ အတော်လေး သက်သာခွင့် ရသွားတယ်ဆိုတာ ယုံကြည်ပါ။

အဲဒါကြောင့် တဏှာ အကြောင်း ကောင်းကောင်းကြီး လက္ခဏာဉာဏ် မြင်နည်းနှင့်တကွ ရေးပြတော့မယ်သိလိုက် အောင် သတိစိုက်ခါ ဖတ်ပေတော့။

## ဥပမာတခု ရေးပြအုံးမယ်

ၚင်း ဥပမာက ဘယ်လိုလဲဆိုတော့ သင့်အိမ်မှာ မြွေလာတိုက်ခဲ့လျှင် မြွေလို့. သူ့.အကြောင်း ကောင်းကောင်းသိပါ၊ ထိုသို့ သိသောအခါ မြွေကို ငါ့အကို လို့.လဲ မယူဘူး၊ ငါ့အဖေလို့.လဲ မယူဘူး ငါ့သားလို့.လဲ သင် ယူဆမယ် မဟုတ်ပါဘူး၊ အဲဒီလို အယူအဆအစွဲ သင့်စိတ်မှာ မရှိလေတော့ တခါတရံ လာဟိုက်တဲ့ ခါမြွေကို မြွေ အတိုင်းတိုင်းသိတာနှင့် တနည်းအားဖြင့် မိမိ အကို

အဖေ သား တခြား မြေ တခြားရယ် လို့ ခြားခြားနားနား သိလေတော့ ထိုမြေကို အကိုစား အဖေစား သားစား ပြုပြီး သင်သည် အားကိုး ယုံကြည်မှု ရှိနိုင်ပါ့မလား မရှိနိုင်တာ မှန်ပါတယ်၊ ဤကဲ့သို့ မြေတခြား အိမ်သားတခြား အိမ်တခြားဟု ကွဲပြား ခြားနားစွာ မသိဘဲ အိမ်သား မြေ အတူတူရောယူနေရင် သင် အဖြစ် အတော်ဘော့ ဆိုးနေပြီလို့ ဆုံးဖြတ်လိုက်။

တနည်းအားဖြင့် သိစရာက အိမ်မှာ မြေမတိုက်တော့ ဘယ်လို နေတယ် တိုက်တော့ ဘယ်လိုနေတယ်ဆိုတာ အတတ်သိအောင် ကြည့်ရမယ် ဤလိုကြည့်တော့ သိနိုင်တဲ့ ဥပမာကဲ့သို့ ဥပမေယျ ဟတ်ပြတာကို ကြည့်ပါ။

### ဥပမေယျကတော့

သင်တို့ ယခုနေကြတဲ့ အိမ်ပေါ်မှာ ရိုးသားသော အိမ်သား အစဉ် ကြည်လင်အေးချမ်းစွာ နေကြသကဲ့သို့ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ လို့ အသမုတ်ခံတဲ့ ရုပ်ခန္ဓာ အိမ်ပေါ်မှာ အိမ်သားသဖွယ် ကြည်လင် အေးချမ်းသည့် ခန္ဓာ စိတ်တို့သည် အစဉ်အားဖြင့် ရှိတယ်လို့သိပါ၊ ဘုရားရှင်ကလဲ (သုဒ္ဓမ္မာ ပဝတ္တန္တိ) လို့ ဟောထားသားဘဲ၊ ဒီကဲ့သို့အိမ်သား သဖွယ် ကြည်လင် အေးချမ်းစွာ အစဉ်ရှိတဲ့ ခန္ဓာတရားကို တဏှာတရား မဟုတ်ဘူးလို့ ခြားနားစွာသိပါ၊ ခန္ဓာ တရားက ခန္ဓာတရား အတိုင်းတိုင်း၊ တဏှာတရားကလဲ တဏှာ တရားအတိုင်းတိုင်းဘဲ၊ ငါ သူ မဟုတ် ယောကျ်ား မိန်းမ မဟုတ် ခန္ဓာတရားနှင့် တဏှာတရားသာ ဟုတ်တယ်မှန်တယ်လို့ သိပါ။

(ဘူတံ ဘူတတော ပဿတိ) ဆိုသည့်အတိုင်း တရားတွေကို

တရားတွေ အတိုင်းတိုင်း ဟုတ်မှန်စွာ သိရမယ် တရားတွေကို တရားတွေ အတိုင်းတိုင်း ဟုတ်မှန်စွာ မသိခဲ့လျှင် ခန္ဓာကိုယ်လဲ တရားလို့ မမြင်ဘူး ငါလို့မြင်တယ်၊ တဏှာကိုလဲတရားမထင်ဘူး ငါလို့ထင်တယ်၊ သို့ကလို မသိတာက အရင်းတည်ထားတော့ ငါမြင်ချင်ရာ မြင်ပြီး ငါထင်ချင်ရာ ထင်ကုန်တော့တာပေါ့၊ အဲဒီတော့ လောဘတဏှာက နောက်က ကပ်ပါလာရော၊ ( ဒီနေရာ အချက်မသိတော့ သမက် သူခိုးထင် ) ဆိုတဲ့ စကားလို အခက်ကြီးခက်ပြီး အရှုပ်ကြီး ရှုပ်ကြရော။

အရှုပ်ကြီးရှုပ်တဲ့ လောဘတဏှာရဲ့ အကြောင်းကို နည်းနည်း ရေးပြအုံးမယ်။

လုဗ္ဘတီတိ လောဘော တဲ့၊

လုဗ္ဘတိ၊ လိုချင်စေးကပ် ငြိတွယ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ လောဘော၊ လောဘ မည်၏။

အထည်အဝတ် ၌ ဆီးရည်စွဲသကဲ့သို့ အာရုံ ၌ စွဲလမ်းတတ်သောကြောင့် လောဘခေါ်တယ်၊ တခါ ထိုလောဘကို ရာဂ ဟူ၍လည်း ဆိုပြန်သည်။

ရဇ္ဇတီတိ ရာဂေါ တဲ့၊

ရဇ္ဇတိ၊ စွဲလမ်းတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရာဂေါ၊ ရာဂ မည်၏။

အာရုံကို တတ်မက်တတ် တောင့်တတတ် ဆာလောင်တတ်သောကြောင့် ယင်းရာဂကို တဏှာဟူ၍ ဆိုပြန်သည်။

တသတိ ပရိတသတီတိ တဏှာ တဲ့၊

တသတိ၊ တတ်မက် တောင့်တ တတ်၏။ ပရိတသတိ။

ခြောက်ဒွါရ မှ ဆာလောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့် တဏှာ၊ တဏှာမည်၏။

ဤကဲ့သို့ စာနှင့် ပေနှင့် ပြရခြင်းကတော့ လောဘ တဏှာလို့ သမုတ်အပ်တဲ့ စိတ်ဖြစ်အင်ကို ဆရာ့ ဆရာကြီးများက ဝိဂ္ဂဟ်ကျင်းပြီးပြခဲ့ကြလို့ဦးပဉ္ဇင်းကလဲ့ ရေးပြရခြင်းဖြစ်ပါတယ်။

အဲ သို့ကလို တဏှာမဟုတ်တဲ့ တရားနှင့်တဏှာဟုတ်တဲ့တရား ခြားနား ရေလယ်စွာ သိလာတော့ သက်သာမှု အခြေခံရလာ ပါတယ်၊ သက်သာမှု အခြေခံ ရလာမှာပေါ့။ ဒီလို မသိခင်ကတော့အလွန်နှိပ်စက်တဲ့ တဏှာကိုကိုယ့် တဏှာလုပ်ပြီး အားကိုးခဲ့တယ်။ ယခုတော့ အရာရာမှာ ကပ်ငြိတဲ့ စိတ်ဟာ တဏှာဘဲ၊ ဒီတဏှာကပ်ငြိတိုင်း ဆင်းရဲပင်ပန်းမှုကလဲ အကြွေး မထားဘူး လက်ငင်း ဆင်းရဲတာဘဲ။ ဒီတော့ ဒီ တဏှာဟာ ဆင်းရဲအောင် တခုသာ လုပ်တတ်တာဘဲလို့ စီစစ်တတ်တဲ့ သမ္မာ သင်္ကပ္ပ လက်နက်ကောင်းက ရှိလာတော့ တဏှာအကြောင်း သိသိလာတော့တာပေါ့။ သိလျှင် သက်သာပါရော၊ အဲဒီလို တဏှာ၏ အကြောင်းကို အကဲခတ်တတ်လာတော့ သူ့ကို အတွင်းလူထား မပေါင်းတော့ဘဲ ရှေ့တိုးပြီး တမျိုး စုံစမ်း ပြန်တာပေါ့။

စုံစမ်းပုံကတော့ တွယ်တာငြိကပ် နှိပ်စက်တတ်တဲ့ တဏှာ စိတ်ရန်ဟာ အသားအိမ်နှင့် အလားတူတဲ့ တရားတည်းဟူသော ခန္ဓာအိမ်မှာ အိမ်သားသဖွယ် ကြည်လင်စင်ကြယ်တဲ့ စိတ်အစဉ်ကို အမြဲယှဉ်၍ နှိပ်စက်နေတာ ရှိသလား အမြဲမရှိပါဘူးလို့ စုံစမ်း စီစစ်တယ်၊ ဒါလို စုံစမ်းစီစစ်တဲ့ အလေ့ရှိလာတော့ ( သဗ္ဗေ

သင်္ခါရာ အနိစ္စာ ) လို့ ဗုဒ္ဓက ဆုံးမတဲ့ သာသနာ့ကိုဘောင်ဝင် ဂွင်ကျ အနိစ္စ အမြဲမရှိဘူးလို့ အသိထူး သိလာတော့တာပေါ့ သိအောင်လဲကြည့်ပါ။

ဤကဲ့သို့ တွယ်တာကပ်ငြိ အမြဲမရှိတာကိုလဲ အမြဲရှိတယ်လို့ လှည့်ပတ်တဲ့ တဏှာစိတ်ရန်ကိုက အမြဲမရှိပါသူး လို့ သိတဲ့ဉာဏ် ဖြစ်လာတော့ ကိလေသာ တဏှာ စိတ်ရန်တွေ အမြဲတစေ ရှိတယ်လို့ယူတဲ့ သဿတဒိဋ္ဌိအယူပါ သမုစ္ဆေဒ ခုတ်ချေ ချနိုင်တယ်၊ သို့ကလို အမြဲမရှိ တဏှာကို အမြဲရှိဘယ်လို့ယူတဲ့ သဿတ အယူကို မှီးပြီး မရှိတာဖြတ်ချင်တဲ့ ဥစ္ဆေဒအယူလဲ လွှတ်သွားတယ်၊ နောက်ဆုံးအနေနှင့် အတိုလမ်းချုံး မမွှခမ်း ဆုံးအောင် စုံစမ်းကြည့်လိုက်တော့ သဿတ ဆက်မှားဆိုတဲ့ အယူရယ် ဥစ္ဆေဒ ပြတ်မှားဆိုတဲ့ အယူစိတ်ရယ် ဤအယူလက်ဝဲ လကျ်ာ သွေဖီရေးလုပ်နေတဲ့ တဏှာကလဲ တွေးတောမှု ဝိတက် တံတားကြီးခင်းပေးမှသာလျှင် မောင်တဏှာတို့က လျှောက်လာ နိုင်တာကိုးလို့ သိတာပေါ့၊ တွေးတောတဲ့စိတ်ကိုက မတွေးတော မှီက မရှိနိုင်တာအထိ သိလေတော့ တွေးတောမှုဖြစ်ရတဲ့တဏှာ လဲ မတွေးတောမှီက မရှိ ချုပ် ပျက် အနိစ္စ ရောက်နေလို့ အမြဲ မရှိပါကလားလို့ သိတယ်၊ အဲဒီလို ငြိကပ်တွယ်တာ နှိပ်စက်တဲ့ တဏှာကိုက အနိစ္စ အမြဲမရှိဘူးလို့ သိတဲ့ အနိစ္စ နုပဿနာ ဉာဏ်က ကူညီပေးလိုက်တော့ နိစ္စ အမြဲရှိတဲ့ နိဗ္ဗာန် နိရောဓ သစ္စာကို မျက်မှောက်ပြုတတ်သော မဂ္ဂသစ္စာဉာဏ် ဖြစ်ထွန်း ပေါ်ပေါက်လာတယ်လို့ သိပါ။

**မျက်မှောက် ပြုအပ်တာက နိရောဓသစ္စာခေါ်တယ်၊**
**မျက်မှောက် ပြုတတ်တာက မဂ္ဂသစ္စာ ခေါ်တယ်၊**

အဲဤကဲ့သို့ ရှေးဦးစွာ ပုပန်ငြိကပ် နှိပ်စက်တတ်တဲ့ကိလေသာ သမုဒယသစ္စာ စိတ်တဏှာဟာ အနိစ္စအမြဲမရှိဘဲကိုးလို့ သိတဲ့ အနိစ္စပညာ ဘွားကနဲဖြစ်လာကထဲက နိစ္စအမြဲရှိတယ်လို့ ယူတဲ့ သညာ နာမ်တရားသည် သင့်ရဲ့ ခန္ဓာအိမ်ပေါ်မှာ ဘယ်တော့မှ စော်ကားရန် မလာနိုင်တော့လို့ အေးငြိမ်းသော နိဗ္ဗူတသို့ စိတ်ဖြူစွာ အစဉ်နားသွားရတော့တာပေါ့။

သဘောမှီအောင် ဥပမာနှင့် ပြန်ဟတ်ပြရလျှင် သင့်အိမ်မှာ ခမြတွေ အမြဲတိုက်နေတာ မရှိသဖြင့် ခမြလွတ်ရာ အိမ်ကသာ အမြဲ ရှိနေဘာ သိမြင်သကဲ့သို့ သင့်ရဲ့ ခန္ဓာအိမ်မှာလဲ လောဘ ဒေါသသောကဆိုတဲ့ စိတ်ခမြတွေက နှိပ်စက်ကြိတ်ချေ အမြဲရှိ မနေသဖြင့် အိမ်ကြီးပမာ ငြိမ်းအေးသော နိရောဓသစ္စာ နိဗ္ဗာန်ကသာ အမြဲရှိပါတယ်။

## ဥပမာ ဥပမေယျ အတိုချုံးပြရလျှင်

ပကတိစိတ်ဘာသာသည် အိမ်သားနှင့် အလားတူထားကြည့်၊ နှိပ်စက်ပြင်းထန် တဏှာဆိုတဲ့ စိတ်ရန်ကို ခမြနဲ့အလားတူ ထားကြည့်၊ စိတ်ရန်မရှိ နိဗ္ဗာန်ပကတိသည် အိမ်နှင့်အလားတူ ထားကြည့် သိလိမ့်မယ်၊ ဒါ့ကြောင့် နှိပ်စက်ပြင်းထန် တဏှာ စိတ်ရန်တရားတွေ မရှိသေးတော့ အိမ်သားအလား စိတ်တရား ဟာ အိမ်ကြီးအလား နိဗ္ဗာန်တရားနှင့် ပေါင်းနေပြီးသွားဘဲလို့ မြင်စမ်းပါ။

ဤကဲ့သို့ မြင်အပ်တဲ့တရားကို မြင်တတ်တဲ့ ဉာဏ်ဓါဖြစ်ဘဲ တွေ့ဝေနေခြင်းသည် မောဟစေတသိက် ခေါ်ပါတယ်၊ တနည်း အဝိဇ္ဇာလဲခေါ်ပါတယ်၊ သို့ကလို ဝိဇ္ဇာမပေါ်နိုင်အောင် အဝိဇ္ဇာ

ခေါ်တဲ့ အမှောင်က ဖိထားသဖြင့် (လောဘသည် ကျော့မက တက်တယ်) ဆိုသည့်စကားအတိုင်းပေါ့၊ မောဟက လက်ကမ်း ထားခဲ့သော နောက်ကအလိုလောဘတန်းကြီး လိုက်လာတော့ တာပေါ့၊ တရားအနေနဲ့ မသိဘဲ ငါ့အနေနဲ့ လိုသမျှကတော့ လောဘသမုဒယ သစ္စာဘဲ မှတ်လိုက်ပါ၊ ဘာကိုလိုသလဲဆိုတော့ ကိုယ်လိုတာ ကိုယ်အသိဆုံးပါဘဲ၊ မသိပလား ဆိုမှဖြင့် မရှိတာ အရှိလုပ်ပြီး လိုချင်တဲ့လောဘကို တနည်းအားဖြင့် လိုရှိနှင့်မရတဲ့ လောဘကို အားကိုးရအုံးမှာလိုလိုဘဲ၊ လိုချင်ရှိနဲ့ မရနိုင်တာ လိုနေသမျှ ကာမဂုဏ်တရားဘဲလို့ တနည်းသိထားပါ၊ အဲဒါ ကြောင့် နိဗ္ဗာန်တရားသည် မိမိအနီးမှာပင် ရှိပါလျက် ပုထုဇဉ် တို့ မမြင်နိုင်ခြင်းကို ပြထားပါတယ်။

သန္တိကေ နဝိဇာနန္တိ မဂ္ဂါ မမ္မဿ အကောဝိဒါ

လို့ သုတ္တနိပါတ် သဋ္ဌာယတနသံယုတ် ပါဠိတော်မှာ တိုက်ရိုက် ဟောထားပါတယ်။

မမ္မဿ၊ အဟုတ်ရှိ တကယ်ရှိ ပရမတ္ထတရား၌။ ဝါ၊ သစ္စာ တရား၌။အကောဝိဒါ၊ မလိမ္မာကုန်သော။ မဂ္ဂါ၊ ပုထုဇဉ်လူပြိန်း တို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ သန္တိကေ၊ ကိုယ့်အနားတွင် နီးသျက်နှင့်။ နဇာနန္တိ၊ မသိနိုင်ကြကုန်။

နိဗ္ဗာန်တရားသည်

အဝေးမှာမရှိ ကိုယ့်အနားမှာ ရှိသည်ဟု ဆိုလိုသည်မှတ်၊ နိဗ္ဗာန်ဟာ ကိုယ့်အနားမှာ ရှိတယ်လို့ ဟောရခြင်းကတော့ မြင်သွားအောင် တင်စားပြီး ဟောရတာပေါ့ ကိုယ်တော့ ဘယ်ရှိမလဲ စိတ်ကို ဦးတည်ဟောတာပေါ့။

တချို့က ပြောတတ်ကြသေးတယ် အေးရာကို ရှာအုံးမှ ဟု ပြောကြတယ် မဟုတ်လား၊ စင်စစ်ကတော့ အေးရာကတော့ တမျိုးရှာစရာမလိုပါဘူး၊ သင့်စိတ်က အလိုတခုနှင့် အပိုပြုပြီး ပူအောင်မတွေးမိုက အေးရာကို အလိုလိုရောက်နေတာ သွေးထွက်အောင် မှန်ပါတယ်၊ အဲ ဤကဲ့သို့ ငါ့အလိုတခုနှင့် အပို အကြံမပြုမိ နဂိုပကတိငြိမ်းအေးရာ နိဗ္ဗာန်ရှိနှင့်တဲ့ အကြောင်းကောင်းကောင်းကြီး သိတဲ့ဉာဏ်ဖြစ်စေရန် ရည်သန်တော်မူ၍ နိဗ္ဗာန် ကိုယ့်အနားရှိတယ်လို့ ဟောရခြင်း ဖြစ်တယ် မှတ်၊ ဥပမာအားဖြင့် သင့်လက်သည် မီးမကိုင်မိုက ဘာနှင့်တူနေသလဲ လို့ ကြည့်ပါ၊ ပူဘာတွေ မရှိ ပကတိ အေးရာနဲ့ လက်နဲ့ ပေါင်းနေပြီးသားဆိုတာ သင်အတတ်သိဘို့ပါဘဲ၊ သင် မသိလဲ လက်နှင့် အေးရာနဲ့ကတော နေပြီးသားဘဲ၊ သိတဲ့သင်ဘာမှ လုပ်ဖွယ်မရှိ ပကတိအေးပြီး သိရုံသိရမှာဘဲ မဟုတ်လား၊ နဂိုက အေးရာနဲ့နေပြီး သင်က အေးအောင်ဟဲ့လို့ ဘယ်လိုများ မန်းမှုတ်နေအုံးမှာလဲ စဉ်းစားပါ၊ မီးရဲ့အပြစ် သိပြီးမကိုင် သေးဘဲ့အတိုင်းတိုင်း နေရုံမှ ဘပါး ဘင် အစွမ်းအားနှင့် ဘာကြံစရာရှိသေးသလဲ၊ ဟောဒီ ဥပမေယျ အတိုင်းကြည့်ပါ၊ ပကတိစိတ်ဟာလဲ ပူပန်စရာမတွေးမိုက ဘာနဲ့ နေသလဲကြည့်ပါ၊ ပူဘာတွေမရှိ ပကတိအေးရာနဲ့ စိတ်နဲ့ ပေါင်းနေပြီးဆိုတာ သင် အတတ်သိဘို့ပါဘဲ၊ သင်မသိလဲ အေးရာနှင့် စိတ်နှင့် နေပြီးသားဘဲ၊ သိလဲ ဘာမှ လုပ်ဖွယ်မရှိ ပကတိအေးပြီး သိရုံသိရမှာဘဲ မဟုတ်လား၊ နဂိုအေးရာနဲ့နေပြီး သင်က အေးအောင်ဟဲ့လို့ ဘယ်လိုများ မန်းမှုတ် နေရအုံးမှာလဲ စဉ်းစားပါ၊ ကိလေသာ တဏှာမီးပူရဲ့ အပြစ်သိပြီး ပူပန်အောင် မလုပ်တဲ့

စိတ်အတိုင်းတိုင်း နေရှိမှတပါး၊ သင့် အစွမ်းအားနှင့် ဘာများ ကြံစရာရှိသေးသလဲ။

လက်အတိုင်း လက်ဘာသာ နေခြင်းသည် စိတ်အတိုင်း စိတ်ဘာသာနေခြင်းနှင့် တူတယ် မှတ်၊ လက်အတိုင်းလက်ဘာသာ နေတော့လဲ အေးရာရောက်နေတာဘဲ၊ စိတ်အတိုင်း စိတ်ဘာသာ နေတော့လဲ အေးရာရောက်နေတာဘဲ၊ အေးရာက နိဗ္ဗာန်ဘဲ၊ ရောက်ရောက်နေတာက စိတ်ဘဲ၊ လက်ဟာ လက်ဘာသာမနေလို့ ရှာဖွေပြီး မီး ကိုင်တော့ မျက်နှာမလိုက် ပူတာဘဲ၊ ပူတော့ ပူတာနှင့် နေတဲ့ လက်ဘဲ၊ စိတ်ဟာလဲ စိတ်အတိုင်း မနေလို့ ရှာဖွေပြီးယူတော့ တွေးတော့ မျက်နှာမလိုက်ပူတာသဲ၊ ပူတော့ ပူတာနှင့်နေတဲ့ စိတ်ဘဲ။ အဲဒါကြောင့် ဗုဒ္ဓက ( သဗ္ဗဥ္စ ဒုက္ခံ အာသာမူလကံ ) လို့ ဟောတာပေါ့၊ ပဘတိအတိုင်း ဆရာ မမြင်တော့ အေးချင်တဲ့ တဏှာ အာသာကို ရှေ့ဆောင်ထားပြီး အေးရာရှာ ပါရော။ ရှာတော့ အေးရာမပေါ် ဘေးဒုက္ခသာ ပေါ်တော့တယ်မဟုတ်လား။

အေးငြိမ်းရာက ဘယ်ပေါ်နိုင်တော့မလဲ အလို အာသာ ကာမဂုဏ်တဏှာက ဖုံးဖိထားဘယ်မှတ်၊ ဒါ့ကြောင့် အလိုမရှိ နဂိုပကတိ ကြည့်မှသာလျှင် နဂိုရှိ မြင်မယ်လို့ ရေးခဲ့ဘာပေါ့၊ အလိုဖိလို့ နဂိုရှိ နိဗ္ဗာန်မမြင်တဲ့ ပါဠိဘပုဒ် အောက်နားက ထုတ်ပြလိုက်ရအုံးမယ်။

ကာမစ္ဆန္ဒာ နပဿန္တိ၊ နိဗ္ဗာနံ ကာမန္တရေ၊
ပဿန္တိ သုဂတောအန္တံ၊ တသ္မာဆန္ဒံ ဝိကောပယေ။

ကာမစ္ဆန္ဒာ၊ ဝတ္ထုကာမဂုဏ် ကိလေသာ ကာမဂုဏ်တို့သည် ကွယ်ကာ ဖုံးထားအပ်သည် ဖြစ်၍။ ဝါ ကွယ်ကာဖုံးသား

သောကြောင့်။ ကာမမဟန္တရေ၊ ကာမဂုဏ်တို့ အကြား၌၊ ဝါ၊ ကာမဂုဏ်တို့၏ အလယ်၌။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ နပဿန္တိ၊ မမြင်နိုင်ကြကုန်။ ဟိ၊ အကယ်မလွဲသဖြင့်။ တံ၊ ထိုကာမဂုဏ်တို့၏ အကြား ကိုယ့်အနားတွင် ရှိသော နိဗ္ဗာန်ကို။ ပဿံ-ပဿန္တော မြင်သော ပုဂ္ဂိုလ်သည်။ အန္တံ၊ ဆင်းရဲကင်းဘို့ ချမ်းသာဘို့ရန် အားထုတ်ရသော အလုံးစုံသော ကိစ္စတို့၏ အဆုံးသို့။ ဂတော၊ ရောက်ရလေ၏။ တသ္မာ၊ ထို့ကြောင့်။ ဆန္ဒံ၊ ကိလေသာ ကာမဂုဏ် အဖုံးကို။ ဝိကောပယေ၊ ဖျက်ဆီးရာ၏။

အဲဒါကြောင့် မဖေါက်မပြန် ဆင်းရဲအောင် လုပ်ဘို့ကိုသာ အပေါက်ဆိုးနှင့် တဇောက်ထိုးကြံနေတဲ့ အလိုသမုဒယ တဏှာ စိတ်ရန်ရဲ့ အာဒီနဝ အကြောင်း အပြစ်ပြပြီး ထစ်ထစ် ခွခွ သိလောက်အောင် အထက်က ဝတ္ထုသက်သေနှင့်တကွ ရေးပြခဲ့တယ်မဟုတ်လား။

ဤကဲ့သို့ အလိုကာမဂုဏ် ဖုံးနေလို့ ပကတိ ငြိမ်းအေးသော နိဗ္ဗာန်ကို လုံးလုံး မမြင်ရတာလဲ တဏှာရဲ့ အပြစ် မဟုတ်လား၊ ဒါ့ကြောင့် ဘုရားရှင်က (တဏှာ သမုဒယော ဘဝေ) လို့ ဟောခဲ့ပေဘာပေါ့၊ ဒီတဏှာလုပ်ပုံဟာ အလွန် မျက်စိလယ်စရာ ကောင်းတယ်၊ ဆင်းရဲအောင် လုပ်တာလဲ သူဘဲ၊ ဆင်းရဲတော့ ချမ်းသာချင်ပြန်တာလဲ တဏှာဘဲ မှတ်၊ ယခု ပစ္စုပ္ပန်ကြည့်ပါ၊ ရှေ့ရေး နောက်ရေး တွေးတောပြီး တွေးရုံတွင် မဟုတ်ဘူး တွေးစိတ်ကို ပူးပြီး တဏှာက မီးရှို့ နေလိုက်ပုံမျှား သင်တို့ အကြား အတွေ့နေပါလိမ့်မယ်၊ ရချင်တာ ရမှ ရပါ့မလားလို့ ပူလိုက်ရတာ တွေ့ချင်တာ တွေ့မှ တွေ့ပါ့မလားလို့ ပူလိုက်ရတာတဲ့ စသည်ဖြင့် အဲဒါ တဏှာက ရှို့တဲ့မီးဘဲလို့ သိလိုက်ကြ။

ပစ္စုပ္ပန်ဆဲဆဲ တဏှာမီးရှို့လို့ ပူခြင်း ဆင်းရဲ အနေခက်ရတာကို စာလိုက စေတသိက် ဒုက္ခခေါ်တယ် မှတ်၊ဒီလိုတဏှာကနေပြီး ပို့ဆောင်ရေးလုပ်ပေးလိုက်တော့ စွဲလမ်းမှုဆိုတဲ့ဥပါဒါန်နယ်ဘက်ရောက်ကရော၊ တခါဥပါဒါန်က တဆင့်ကမ်းလိုက်တော့ ကမ္မပစ္စည်းတွေဖြစ်၊ အဲဒီ ကမ္မပစ္စည်းမျိုးက ဝိပါက်အဗျာကတလို့ ခေါ်ရတဲ့ ဒုက္ခခန္ဓာပင်ကြီး ပေါက်လာတယ်လို့သိ၊ အဲဒီဝိပါက်ခန္ဓာ ဒုက္ခကိုတော့ ကာယိက ဒုက္ခခေါ်တယ်မှတ်၊ ဒီကဲ့သို့ အဟောင်းတဏှာက အကြောင်းပြုပေးလိုက်လို့ ပေါင်းစု ဖြစ်နေတဲ့ ဝိပါက်ခန္ဓာ ဒုက္ခကြီးကိုလဲ အသစ်တဏှာက ဖြစ်လာပြီး သူ့ဒုက္ခလုပ်ခါ ချစ်ခနုပြုန်သတဲ့ မခက်ဘူးလား၊ဒီတော့ လူနှစ်ယောက်ကြားထဲက အခတ်ခံရတဲ့ ဘောလုံးပမာ အဟောင်းတဏှာက ခတ်လွှတ်လိုက်လို့ ဘောလုံးပမာ ကြည်လင်စွာဖြစ်သာတော့ အသစ်တဏှာက ဆီးကန်သဖြင့် ဆင်းရဲရတာမှန်ပါတယ်။

ယခုတော့ ဒို့တတွေက အလူးအလဲ ဂျွန်းထိုး မှောက်ခုန်နေအောင် တဏှာက ကန်ခတ်နေတဲ့အကြောင်းကို မသိကြရှာတော့ သူနှင့်ပေါင်းပြီး သူ့ကို အကောင်းထင်ရတဲ့အဖြစ်ဟာအတော်ဆိုးနေတာဘဲလို့ ရိပ်မိကြရမယ်၊ ဘချို့များ တဏှာကဘောလုံးကစားသလို သူ့ကွင်းထဲက မထွက်ရအောင် အပြန်အလှန် ကန်ကစားနေလိုက်တာကို ပညာမျက်စိနဲ့ ကြည့်ရင်သိလောက် မြင်လောက်ပါတယ်။

လင်သေ သားသေ သမီးသေလို့ တဲ့ မခွဲချင်တာနှင့်နောက်ဆုံး ခွဲရတော့မှာမို့ အလူးအလှိမ့်နေအောင် သက်ကြီး

ရှိုက်ငင် ငိုကြွေးပစ်လိုက်တာများ ကြည့်ရက်စရာတောင်မရှိဘူး၊ အဲဒါ လင်သားသေလို့ မဟုတ်ဘူးမှတ်၊ ဘာ့ကြောင့်လဲ မသေစေချင်တဲ့အလို အတူတူနေချင်တဲ့အလို စိတ်ရန်က အလူးအလဲနေအောင်ကန်ပြီး ညှင်းဆဲလို့ အဆင်းရဲကြီး ဆင်းရဲရတယ်မှတ်၊ အဲဒါ ခင်စစ်ကတော့ လင်ချစ် သားချစ်လို့ ငိုရတာ မမှတ်နှင့် အရင်းစစ်တော့ အမြစ်မြေက ဆိုသလို ခြေအစ ခေါင်းအဆုံး ရုပ်တုံးခန္ဓာ ဝိပါက် ဒုက္ခသစ္စာဘုရားကို ငါ့ကိုယ်လုပ်ပြီး အရင်ချစ်ထားလို့ သူတပါး မပစ်နိုင် မခွာနိုင်ဘူးလို့ ပြောရတာပါ။

တချို့မျှား ပြောတတ်ကြသေးတယ် ကိုယ့်အနေကတော့ နက်ဖန်ခါသေသေ၊ ယနေ့သေသေ၊ ကလေးတွေက ငယ်သေးလို့ပါနဲ့ ပြောကြတယ်။ အဲဒီပြောချက်ဟာ မျက်စိ မလယ်နှင့် ကလေးတွေအလိုမဟုတ်ဘူး ပြောသူရဲ့ အလိုသာ မှန်တယ်လို့သိ၊ အဲဒါ သူ့ကိုယ်သူချစ်လို့ သူ့အလိုနှင့် ပြောတာမှန်တယ်။

ဒါ့ကြောင့် ဗုဒ္ဓက ဘယ်သူ့ကြောင့်မှ ဒုက္ခ ဖြစ်တယ်လို့ မဟောခဲ့ဘူး၊ ရှင်းရှင်းကတော့ အလိုသမုဒယသစ္စာကြောင့်သာ ဒုက္ခဖြစ်တယ်လို့ မှသဟောခဲ့တယ်မှတ်၊ တနည်းလောဘကြောင့် ဒေါသဖြစ်တယ်မှတ်၊ ဒေါသကြီးရင် လောဘကြီးတယ် မှတ်၊ သူတပါး အဆိုအပြော သည်းမခံနိုင်တာ မိမိကိုယ်ကို ချစ်ခြင်း လောဘရှိတယ်လို့ဘဲမှတ်၊ မိမိကို ချစ်လို့ သူတပါးမုန်းတာမှတ်၊ တနည်း သူ့မုန်းလျှင် ငါ့ချစ်ပြီမှတ်လိုက်၊ ငါ့ချစ်စရာမရှိရင် သူ့လဲ မုန်းစရာ ချစ်စရာမရှိဘူး မှတ်လိုက်၊ ကြောက်တယ်ဆိုတာ ချစ်လို့ကြောက်တာဘဲမဟုတ်လား၊ သူ့ဟာသူသေရအောင် ဖြစ်လာတဲ့ သေခြင်းတရားကိုလဲ တဏှာက ငါ့ကိုယ်လုပ်ချစ်နေလို့ သေမှာကြောက်ခြင်း ဒေါသဖြစ်တာဘဲ။

အဲသို့ကလိုအပြစ်ဘယာ မများများအောင် အချစ်ခံ့ကျာနှင့် နှိပ်စက်လိုက် အမုန်းတကျာနှင့် နှိပ်စက်လိုက် ရိုင်းပြတဲ့တကျာ နှိပ်စက်တာကြောင့် ဆင်းရဲမှုဒုက္ခတွေကလဲ လှိုင်းပွက်နေတော့တာပါဘဲ ဒီတကျာစိတ်ရန်ကလဲ အေးငြိမ်းသော နိဗ္ဗာန်နှင့် မနေရအောင် လုပ်နေတာလိုဘဲ ငြိမ်းအေးရာနှင့် နေမှာကို တကျာက သဘောဟန် မတူဘူး။

နိဗ္ဗာန်ဆိုဘဲ့ အငြိမ်းတရားကြီးကသဲ့ ကြက်သရေမရှိတဲ့ တကျာစိတ်ရန်နှင့် ဆက်ဆံနေရင် လက်ခံမယ် မဟုတ်ဘူးမှတ်၊ ဒီငြိမ်းအေးရာ နိဗ္ဗာန်ကမှ လက်မခံတာဖြင့် တကျာစိတ်ရန်နှင့် ဆက်ဆံနေရတာ အလကား ပိုတာသက်သက်ဘဲ၊ ဘာ့ကြောင့် ပိုသလဲဆိုတော့ အစကငြိမ်းအေး ချမ်းသာမလားလို့ တကျာကို ပေါင်းသင်းဆက်ဆံခဲ့တာ ယခုသူ့အကဲအရိပ် ခတ်ကြည့်တော့ တကျာက ငြိမ်းအေးချမ်းသာအောင် မလုပ်တတ်တာသိသဖြင့် တကျာပေါင်းနေရတာ အပိုဘဲမဟုတ်လား၊ ရွာထဲ အရပ်ထဲ ပြောနေကြ စကားလိုပေါ့ (လူတယောက် အားကိုးရမလားလို့ အိမ်ခေါ်ထားပါ ဘာမှအားမကိုးရဘူး ဘာမှအသုံးချမဖြစ်ဘူး ဒီလိုဖြင့် အလကားပိုတာပါဘဲ) လို့သိသကဲ့သို့ပေါ့၊ ထိုဉပမာ အတိုင်းဘဲ၊ ဒီမှာလဲခြေအစ ခေါင်းအဆုံး ရုပ်တုံးခန္ဓာ အိမ်က မြို့မဲ့ပျက်မဲ့ဆဲဆဲတဲတဲနေလို့ လိုရင် ရမသားလို့ အလိုတကျာ ရှာခေါ်လိုက်ပါ သူရောက်လာတော့ အပူတောင် နောက်က လိုက်လာသေးတယ်၊ ဒီတော့ သုံးတုံး ကုန်လို့ တောင် ခွေးချေးမှုန်း မသိသေးရင် ခက်အုံးရောပေါ့။

အဲဤကဲ့သို့ အလိုတကျာ စိတ်နာမ်နှင့် ဆက်ဆံရတာ ပိုတာဘဲလို့သိတော့ရင်းတကျာစိတ်ရန်နှင့် မဆက်ဆံတော့နိဗ္ဗာန်

ကသက်ခံပြီးသွားဘဲလို့ သိစမ်းပါ၊ အလိုစိတ်ရန်မရှိရင် နဂို
နိဗ္ဗာန်ပကတိ ကြည့်လိုက်ရုံဘဲ၊ နိဗ္ဗာန်ဆိုတာ တခြားတ
ပါးမှာ ရှာဖွေယူရတဲ့ တရားမဟုတ်ဘူး၊ ဝါနတဏှာ ကိလေ
သာမီး ဆဲ့တသီးတို့၏ ကင်းငြိမ်းရာဟာ နိဗ္ဗာန်ပါဘဲ။

ကိလေသာမီး ဆယ့်တသီးဆိုတဲ့ အပူက နဂိုမရှိနိုင်ပါဘူး
အလိုနှင့်တကွ ထူတောင်အားစိုက်မှသာလျှင် မခံနိုင် မအောင့်နိုင်
ပေါ်ပေါက်ဖြစ်ရှိလာရတဲ့ ဥပ္ပါဒဒုက္ခတရားပါ နဂိုအစဉ်ရှိနေ
ဘာကဘော့ (အနုပ္ပါဒေါသုခံ) ဆိုတဲ့အတိုင်း အစဉ်ငြိမ်းလျက်
ရှိတဲ့အတိုင်း မျက်မှောက်ပြုလိုက်ရုံပါဘဲ။

အဲဒါကြောင့် ကျောက်ဆည်မြို့ ကျေးဇူးရှင် ဖြစ်တဲ့
ကျောက်သဘော်ာ ဆရာတော်ကြီးဘုရားက ကိလေသာအလိုသမု
ဒ္ဒယ စိတ်ရန်ကို အတင်းမခံဘို့ ညွှန်ကြားတော်မူ၍ ဥပါဒ်စွန်းက
နေပြီးသိစေရန် မင်းတို့အလို သမုဒယသစ္စာက နဂိုမရှိနိုင်တာ
မှန်ပါတယ်လို့ တွင်တွင်ကျယ်ကျယ်ကြီး ဟောနေတာ ပေါ့
အဲဒီဟောကွက် ပါဠိတော်ထွက်ကို တွေ့ဘူးကြပါလိမ့်မယ်။

**အဒဿနတော အာယန္တိ ဘင်္ဂါဂစ္ဆန္တိ ဒဿနံ၊**
**ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။**

ဤကဲ့သို့ ဘုရားဟောနှင့် တရားသဘော ကြည့်ပြီးသကာလ
ဆရာတော်ဘုရားကြီးက ဟောတော်မူပါတယ် နောက်တကွက်
ကတော့ အဲဒီသမုဒယသစ္စာ လောဘတဏှာဟာ အကြောင်း
ရှိတော့ ဖြစ်လာတာလဲမှန်ပါတယ် ဖြစ်ပြီးက ပျက်စီးတဲ့မြဲတဲ့
အနေနှင့်မရှိတာလဲမှန်ပါတယ် ဒီတဏှာသမုဒယတရားက ဖြစ်ဆဲ
မှာတော့ သိလို့မရဘူး မဖြစ်မှီက မဖြစ်သေးဘူးလို့ သိထားတယ်၊
ဖြစ်ပြီးလျှင် ပျက်စီးသည့်နောက် မရှိဘူးလို့ သိဖြစ်တယ်။

မဖြစ်မှီက မရှိနိုင်ဘူးလို့ သိတာ ဥပါဒ်စွန်း သိတာပါဘဲ ဖြစ်ပြီးလို့ ပျက်စီးသည့်နောက် မရှိတာသိတာကတော့ ဘင်စွန်း သိတာပါဘဲ။ ဤကဲ့သို့ ဆရာတော်ဘုရားကြီး သိစေလိုတဲ့ ဆန္ဒအတိုင်း ဦးစားပေးပြီး အဟောများတာကတော့ လောဘ ဒေါသ တရားတွေက မဖြစ်မီက မဖြစ်သေးတာသိပြီး ဒီအတိုင်း တိုင်း အဖြစ်အေးရာမြင်ကြ။

ဒီအတိုင်းတိုင်း အဖြစ်အေးရာက နိဗ္ဗာန်ဘဲဟု နှစ်ဘက် နှစ်ဉာဏ် အမြင်မှန်စေဘို့ ဟောတဲ့နည်းနဲ့ ဟောလိုက်တာပါဘဲ သဘောမမှီရင်ကဘော့ လယ်လယ်တယ်ဘယ်နိုင့်ခံနေ သေးတာ ဘဲ အဲဒါလိုလောဘ ဒေါသတရားတွေ အစက မရှိသေးဘူး တနည်းမဖြစ်မှီက မရှိနိုင်ဘူးလို့ ဟောတဲ့နည်းဟာဗမာစကား မှတ်ပါ။

စာစကားညှပ် ဟောရင် (ခယဓမ္မာ–ဝယဓမ္မာ-ဝိရာဂဓမ္မာ နိရောဓဓမ္မာ) ပေါ့။ တနည်း (**ဝယဓမ္မာသင်္ခါရာ** အပ္ပမာဒေန **သမ္ပာဒေးထ**) လို့....၊ ပရိနိဗ္ဗာနသုတ်မှာ ဘုရားရှင် ဟောခဲ့တဲ့ အတိုင်းပါဘဲ။

ဝေဘန်ချက်။

အဲဒီ (**ဝယဓမ္မာသင်္ခါရာ**) လို့ဟောတဲ့နေရာမှာ ဦးပဥ္စင်းတို့ သဘောပေါက် ထားတာကတော့ (ဥဒယ-ဖြစ်ပြီးမှ ပျောက် ကွယ်တဲ့ ဝယကိုမယူဘူး) ဥဒယဖြစ်မှုကိုက မဖြစ်မီက ဖြစ်မှု တွေပျောက်ကွယ်နေလို့ ဝယဓမ္မာလို့ သဘောပေါက်ထား တယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဘုရားဟောခဲ့တာက (ဥဒယ ဝယဓမ္မာသင်္ခါရာ ) လို့ အဲဒီဟောတဲ့နေရာမှာ မပါဘူး (ဝယဓမ္မာသင်္ခါရာ)လို့သာ ဟောခဲ့ခြင်းကြောင့် ဥဒယခေါ်တဲ့

ဖြင်မှုတွေ မဖြစ်မှီက ကုန်ခမ်း ပျောက်ကွယ်နေတာကို ဝယဓမ္မာ သင်္ခါရလို့၊ သဘောပေါက်ပါတယ်။

အဲဒီဥဒယဖြစ်မှုကလဲ စိစစ်ကြည့်လိုက်တော့နှစ်ပိုင်းထွက်လာပါတယ်၊ အဲဒီနှစ်ပိုင်းက ဘာများလဲဆိုတော့ သိလွယ်မြင်လွယ်အောင် ရေးရလျှင်ကိလေသာမဟုတ်တဲ့ခန္ဓာ ဖြစ်မှုရယ်ကိလေသာခန္ဓာ ဖြစ်မှု ရယ်လို့၊ နှစ်ပိုင်း နှစ်စား ခွဲခြားထွက်လာပါတယ်။

တနည်းအားဖြင့် အဘိဓမ္မာခတ်ဆန်ဆန်ရေးရလျှင်(ပဉ္စက္ခန္ဓာ ပဉ္စုပါဒိနက်ခန္ဓာ၊ တနည်းအနုပါဒိနက္ခန္ဓာ ဥပါဒိနက္ခန္ဓာ) စသည်အားဖြင့် အမည်များစွာ ခေါ်ဆိုရပါတယ် ယခုရေးပြခဲ့တဲ့ ခန္ဓာနှစ်ပိုင်း၏ အဓိပ္ပါယ်ကို ရှေလယ်အောင် ရှင်းပြရလျှင် ကိလေသာမဟုတ်တဲ့ ခန္ဓာဆိုတာ မျက်စိ-နား-နှာ-လျှာ ကာယလို့ အသမုတ်ခံရတဲ့ ရုပ်အကြည်ပြင် ငါးဒွါယတံခါးမှာ အာရုံကို သိခါမျှပေါ်တဲ့ ပဉ္စဒွါရဝိတိခန္ဓာ အတန်းအစဉ်ကို ပဉ္စက္ခန္ဓာလို့ ခေါ်ပါတယ်၊ ၎င်းခန္ဓာဟာ ကိလေသာမဟုတ်တဲ့ ခန္ဓာပါဘဲ၊ ထိုခန္ဓာက အကောင်းအဆိုးကို မဆုံးဖြတ်နိုင်၊အထူးအထွေကိုမသိနိုင်၊ တစုံတခုကိစ္စကို မပြီးစေနိုင်၊ အရေးမပိုင်ပါဘူး။

မနောဒွါရဇောကသာ အကောင်းအဆိုး ဆုံးဖြတ်နိုင်၊ အထူးအထွေကိုသိနိုင်၊ အလုံးစုံကိစ္စကို ပြီးစေနိုင်ပါတယ်၊ ပဉ္စဒွါရဇောကမပြီးနိုင်ဘူးတဲ့၊ ဒါ့ကြောင့်။

သဗ္ဗံပိဟောတံကိစ္စံ မနောဒွါရိက စိတ္တေနေဝ ဟောတိ၊

န ပဉ္စဒွါရိက စိတ္တေန။ ။ဝိဘင်း အဋ္ဌကထာမှာ ဟောထားပါတယ်။

ဟိ၊ အကာယ်ခလ္လဲသဖြင့်။သဒ္ဓ ပိဒဟောတံကိစ္စံ၊အလုံးစုံလည်း ဖြစ်သော ဤကိစ္စအပေါင်းသည်။ မနောဒွါရိက စိတ္တေနေဝ၊ မနောဒွါရ၌ ဖြစ်သော စိတ်ဖြင့်သာလျှင်။ ဟောတိ၊ ဖြစ်၏။ နပဉ္စဒွါရိက စိတ္တေန၊ ပဉ္စဒွါရ၌ဖြစ်သော စိတ်ဖြင့်။ နဟောတိ၊ မဖြစ်။ (အနက်)

ဤကဲ့သို့ ဝိဘင်းအဋ္ဌကထာ လာသည့်အတိုင်း၊ တနည်း အားဖြင့် မနောပုဗ္ဗင်္ဂမာဓမ္မာ မနောသေဋ္ဌာ မနောမယာ လို့ ဆိုထားပါတယ်၊ တနည်းအားဖြင့်လဲ မနောဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါလို့လဲ ဟောထားပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တယောက်သောသတ္တဝါ ၏။ မနော၊ စိတ်သည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာအစစ်ပေတည်း တဲ့။

ထို ပါဠိအနက် အဓိပ္ပါယ်ကတော့ ရဟန်းတို့ ဝါ ချစ်သား ချစ်သမီးတို့ အများခေါ်ဝေါ်ကြတဲ့ ရေပြင်ကျယ်ကြီးသည် သမုဒ္ဒရာအစစ်မဟုတ်ဘူးတဲ့၊ သင်တို့မနောမှာ ပူးယှဉ်ပြီး ကြံစီ တွေးတောသောစိတ်ကြောင့် ယိုစီးလာရတဲ့ အာသဝ ရေပြင် ကျယ်ကြီးသာလျှင် သမုဒ္ဒရာအစစ်လို့ သိရမယ်....။

အဲဒါကြောင့် မနောဒွါရဝီထိလို့ စာရှိသည့်အတိုင်း မနော ဒွါရ တံခါးဝမှာ ထင်မိ ထင်ရာ တွေးတဲ့ စိတ်အစဉ်ကိုမှီး၍ ငြိတွယ်မှု ကိလေသာခန္ဓာ ဝါ ဉပါဒါနက္ခန္ဓာ ဉဒယအနေနဲ့ဖြစ်ပြီး ပျက်သွားပါတယ်၊ မနောက မတွေးတော မအောက်မေ့မှီက ထိုကိလေသာ ဉပါဒါနက္ခန္ဓာ၊ ဉဒယဖြစ်မှုမှ ပျောက်ကွယ်နေ တယ်၊ တနည်း.... ချုပ်နေတယ် ကုန်နေတယ်လို့ အနည်းနည်း ဟောကြတာပေါ့။

(နတ္ထိကိလေသေပဟာနန္တ ိ)ဆိုသည့်အတိုင်းပေါ့၊ အဓိပ္ပါယ်ကတော့၊ မြင်ခဲ့ကြားခဲ့၊နံခဲ့၊စားခဲ့၊ထိတွေ့ခဲ့ တဲ့အပေါ် မအောက်မေ့ မကြံစီမှ ယင်းကိလေသာခန္ဓာ နတ္ထိ၊ မရှိဘူး သေနေတယ်လို့ သိတာပေါ့၊ ဤကဲ့သို့ သိတော့ အရှိထား ပယ်ချင်တဲ့ ကိလေသာပါ ပယ်ပြီး ဖြစ်သွားပါတယ်။

နောက်တနည်းကတော့ လောကောဂုပ္ပါနက္ခန္ဓာလောကာ၌။ အဘိဇ္ဈာဒေါမနဿ၊ လောဘဒေါသကို။ ဝိနေယျ၊ ဖျောက်၍။ ဝိဟာရတိ၊ နေမယ်ဆိုတဲ့၊ ပရိယတ်သာသနာကို ပဋိပတ်သာသနာနှင့် လက်လှမ်းကြည့်လိုက်တော့ လောဘ ဒေါသဆိုတဲ့ ကိလေသာ ခန္ဓာတရားတွေသည် အတိတ်ကာလ လွန်ခဲ့တုံးက ဖြစ်ခဲ့တဲ့တရားကလဲ ပျက်ခဲ့လို့ မရှိဘူး။

အနာဂါတ်ကာလ ဖြစ်ရအောင်ကလဲ- စုပုံနေတာမရှိဘူး ပစ္စုပ္ပန်ကြည့်ပြန်တော့လဲ လောဘ ဒေါသတရားက ဖျောက်စရာမရှိလေတော့ အောင် မဖြစ်သေးသော လောဘဒေါသ တရားဖြစ်လာအောင် မလုပ်သေးတဲ့ အတိုင်းတိုင်းနေတာရဲ့ ကိုလောဘဒေါသ ဖျောက်ရာမည်တာကိုလို့ ပရိယတ်—ပဋိပတ် စိစပ်နားလည် သွားရပါတော့တယ်။

အဲ သို့ကလို ပရိယတ်စကားနှင့် ပဋိပတ်အသွားကို နားမလယ်ရင်ကတော့ အမေပေးတဲ့ ဆံတခွဲ သုံးစိပ်နဲ့ မလဲနိုင်ဘူး ဆိုတဲ့ စကားလို လောဘဒေါသ တရားကို အမြဲရှိထားပယ်ရန် တယူသန် ကြီးနေတော့တာပါဘဲ၊ ဒီလို လောဘ ဒေါသအမြဲရှိထားယူရင် (သဗ္ဗေသင်္ခါရာအနိစ္စာ) ဆိုတဲ့ သာသနာ မယုံရာကျမှာပေါ့၊ အဲ—ဒါ့ကြောင့် 'သဗ္ဗေသင်္ခါရာအနိစ္စာ' ဆိုမှတော့ ကိလေသာတကျာ သင်္ခါရတရားကလဲ ဖြစ်ပြီးသား မြဲပြီးသား

အနေနှင့် မရှိလေတော့ ပယ်စရာ ဖျောက်စရာမရှိ ပယ်တတ် ဖျောက်တတ်သောသူလဲ မရှိဘူးလို့ အသိကြီးသိပါ ဒါလိုသိတော့ ကိုယ့်သဘောနှင့် ဘာမှ ထည့်တွေးသေးတဲ့ အတိုင်းတိုင်း နေသဖြင့် တရားသဘောကျ အတိုင်းတိုင်း မြင်သွားတော့တာပေါ့။

ဒီကဲ့သို့ ကိုယ့်သဘောမပါ သူ့သဘော သူ့ဘာသာ အေးငြိမ်းလျှက်နေတဲ့တရားက နိရောဓသစ္စာ ခေါ်တယ်၊ ငါ့အလို မစွက် သူ့ဘာသာ နဂိုသက်သက် နိရောဓသစ္စာ မြင်တာက - မဂ္ဂသစ္စာခေါ်တယ်။

သို့ကလို နဂို သက်သက် အငြိမ်းဓါတ်မမြင်လို့ အလိုထွက် လာတာက သမုဒယသစ္စာ ခေါ်တယ်။

အဲဒီ အလိုနှင့်တကွ ဘယ်မှမရောက်ဘဲ ဒုက္ခရောက်ရောက် နေတာက ဒုက္ခသစ္စာခေါ်တယ်။

အဲ ဒီကဲ့သို့ လက္ခဏာဉာဏ်, သစ္စာဉာဏ် မဖြစ်ရင်တော့ (အသင်္ခတာဓမ္မာ- နိရောဓသစ္စာ)တရားကို ငါ့အလို ငါ့သဘော ကျအောင် လုပ်ယူမဟဲ့လို့ မှန်းထားတော့တာပါဘဲ။

ဒီတော့ အသင်္ခတာဓမ္မာ နိရောဓသစ္စာ ဆိုတဲ့ တရားကလဲ အလိုနဲ့များတော့ နည်းနည်းမှမဆက်ဆံ လက်ခံတဲ့ တရား မဟုတ်လေတော့ ဒုက္ခဘက်ကိုသာ တဘက်သတ် လဲသွားတော့တာပေါ့။

အဲဒါကြောင့် (မှန်းချက်နှင့် နှမ်းထွက် မကိုက်ဘူးဆိုတဲ့ စကားပုံလို) ရောက်ချင်တာက ဒုက္ခငြိမ်းရာ ရောက်နေတော့ ဘယ်ရောက်တာလဲ ဒုက္ခမှ လွဲရောက်စရာ မရှိခြင်းကြောင့် ဒုက္ခဘဲ ရောက်နေတော့တာပေါ့၊ ကေန် ငြိမ်းရမှာက ငါ့အနေနှင့်

လိုတာတွေ ဖြစ်မလာမှ သာလျှင် အလိုသိမ်းနေတာ သိလို့ ရှောင်တိမ်းမကြည့်ရဘဲ ပြောင်ငြိမ်းပကတိမြင်ရမှာ မလွဲမုချဘဲ လို့သိပေတော့။

အဲသို့ကလို ဟောစဉ်တရပ် သဘောဉာဏ် မြင်တတ်ကြ အောင်ရေးပြခဲ့တာ အတော်များသွားပါပြီ၊ တရားစာ ဖတ်ခဲ့တဲ့ သူများလဲ အာ အတော်ပူရော့မယ် ဟိုနား ဒီနား သွားရင်း ခဏ နားကြအုံးစို့။

ဤကဲ့သို့ ငြိမ်ပွဲအဖြာဖြာ ကိလေသာဆိုတာ အမြဲမရှိ တရား ဟာမို့ မလွဲအသိမမှား ဉာဏ်ပိုင်ဖြစ်ကြ၍ အမြဲရှိတရား ထိုနိဗ္ဗာန်ကို ဖိုလ်စိတ်အမှန် အခါခါနားပြီး ငြိမ်းကြောင်းအမှန် ဘာဝနာ ပွားနိုင်ကြပါကုန်သတည်း။

**နားပြီးလျှင် ဆက်ဖတ်၊ ပစ္စုပ္ပန်မှတ်ချက်**

အလိုတိုင်း သမုဒယသစ္စာမမှတ်နှင့် ငါးပါးမှောက်သွား မယ်၊ အလိုဆိုတာ အနုတ္တအလို အတ္တအလို ဟုနှစ်မျိုး ရှိသေး တယ်၊ အနုတ္တအလိုဆိုတာအတ္တအနေနှင့် အားမစိုက်ဘဲဖြစ်ပေါ် လာတဲ့ ဖြစ်ရပ်အပေါ်မှာ အနုတ္တ သမ္မာဒိဋ္ဌိဉာဏ် ပြဋ္ဌာန်း၍ ပုံပြင်အပ်သော ဝတ္တရားအတိုင်း ပုံပြင်ရတဲ့ အလိုသည် ငါ့အ လိုမဟုတ် အနုတ္တအလိုဘဲလို့သိ၊ အနုတ္တအလိုကို လွယ်လွယ် မြင်ဘို့ကတော့ ဘုရားရဟန္တာမှစ၍ ပစ္စုပ္ပန် တိမ်းရှောင်လို့ မရ၊ ဆွမ်းခံ ကြွလိုကာမျှဆွမ်းစားလိုကာမျှ ကျင်ကြီး ကျင်ငယ် စွန့်လို ကာမျှ တရားဟောလိုကာမျှ ပြင်လို ပြောင်းလို စောင်းလိုကာ မျှကို တဏှာမဘက် သမ္မာဆန္ဒသက်သက်ဘဲ သိပါ။

တနည်းအားဖြင့် သိစရာက အတ္တအလိုနှင့် တထောင် အားစိုက် တွေးကြံခြင်းမရှိဘဲ အနုတ္တအလိုနှင့် ထမင်းဆာလာတဲ့

ရုပ်အစဉ် နာမ်အစဉ် အနတ္တဖြစ်ဖြစ်လာတာ မှန်ပါတယ်၊အနတ္တတရားမို့ ဖြစ်လာရတာပေါ့၊ ဘာ့ကြောင့်လဲဆိုတော့ ဆာစိတ်မဖြစ်ဘဲ နေနိုင်တဲ့ အတ္တမရှိ ပကတိကိုက အနတ္တတရားမို့ပေါ့၊ အနတ္တတရားဆိုတာ လှုပ်ရှားနိုင်သော အားမရှိသဖြင့် မလှုပ်မရှားသာလို့ ဆာခြင်း နာခြင်း ညောင်းခြင်း ကိုက်ခြင်းလို့ သမုတ်ရတဲ့ အနတ္တတရား ဖြစ်လာရပါတယ်၊ အနတ္တမို့ ဖြစ်လာပြန်တော့လဲ ခိုင်မြဲနိုင်သော အတ္တမရှိလို့ အနတ္တ ပျက်ပါတယ်၊ တိုတိုရေးရလျှင် အနတ္တမို့ ဖြစ်ရတယ် အနတ္တမို့ ပျက်ရတယ်လို့ သိပါ၊ တနည်း အနတ္တဘာရအလိုနှင့် ပြုရတယ် အနတ္တအလိုနှင့် ပြင်ရတယ်လို့သိ၊ အနတ္တတရားသိတာ အနတ္တဉာဏ်ခေါ်တယ်မှတ်။

အတ္တအလိုဆိုတာကတော့ အနတ္တအလိုနှင့် ညောင်းကိုက်လာသော အနတ္တတရားကို ငါ့ညောင်းရမလားလို့ သဘောမကျတဲ့အလိုနှင့် ဒေါ်ထလာတာဟာ အတ္တအလိုဘဲလို့ သိ၊ ဒီကဲ့သို့နဂိုအစဉ်ရှိ (အဗျာကတာ ဓမ္မာအနတ္တ) မသိကြသဖြင့် အတ္တအမြဲရှိထား ခွာပြန်ရော။

## တခါထဲ သိထားစမ်းပါ

(အဗျာကတာ ဓမ္မာအနတ္တ) ဆိုတာ သစ်ပင်နဲ့သစ်သီးပမာ သစ်ပင်ကလဲ သစ်သီးအပေါ် ဂရုမစိုက်သလို သစ်သီးကလဲ သစ်ပင်အပေါ် ဂရုမစိုက်ဘူး၊ သစ်ပင်ပမာ ရုပ် အဗျာကတာ အနတ္တကလဲ သစ်သီးပမာ နာမ်အဗျာကတာ အနတ္တတရားအပေါ်ကို ဂရုမစိုက်၊ သစ်သီးပမာ နာမ်အဗျာကတာ အနတ္တတရားကလဲ သစ်ပင်ပမာ ရုပ်အဗျာအတာ အနတ္တတရားအပေါ်

ကို ဂရုမစိုက်ဘူး၊ အတ္တမပါ အနတ္တဘာသာနေတာဘဲလို့ သိပါ။

အဲဒီ အတ္တမပါ အနတ္တဘာသာနေပုံကို ပညတ်နှင့် တင်စား ပြီး ပြရလျှင် မျက်စိကလဲ မျက်စိဘာသာ နေတာဘဲ၊ နားကလဲ နားဘာသာ နေတာဘဲ၊ နှာခေါင်းကလဲ နှာခေါင်းဘာသာ၊ လျှာကလဲ လျှာဘာသာ၊ ကာယကလဲ ကာယဘာသာနေတာ ပါဘဲ၊ ဘာမြင်ရလို့ မမြင်ရလို့၊ ဘာကြားရလို့ မကြားရလို့ ဘာနံ့ရလို့ မနံ့ရလို့၊ ဘာစားရလို့ မစားရလို့၊ ဘာဝတ်ရလို့ မဝတ်ရလို့၊ ရွှေတွေ ကျောက်တွေ မဆင်ရဘူးရယ်လို့ ပူဆာ နှောက်ရှက် ကတောက်ကတက် မလုပ်တတ်ပါဘူး။ အနတ္တ အနတ္တဘာသာ နေရှာတာပါ၊ မြင်စိတ်ကလဲ မြင်စိတ်ဘာသာ မြင်တာပါဘဲ၊ ကြားစိတ်ကလဲ ကြားစိတ်ဘာသာ ကြားတာပါ ဘဲ၊ နံ့စိတ်ကလဲ နံ့စိတ်ဘာသာ နံ့တာ၊ ချို ချဉ် စပ် ငန် ဖန် ခါး သိတဲ့စိတ်ကလဲ သူ့ဘာသာ သိတာပါဘဲ၊မှားအောင် လွဲအောင် မုန်းအောင် ချစ်အောင် မလုပ်တတ်ပါဘူး၊ အနတ္တဘာသာ နေ တာပါဘဲ၊ မျက်စိကလဲ မြင်သိစိတ်ကို ငါ့စိတ်လို့ မစွပ်စွဲတတ်၊ မြင်သိစိတ်ကလဲ မျက်စိကို ငါ့မျက်စိလို့ မစွပ်စွဲတတ်၊ တဦးကို တဦးက မပိုင်ကြ အစိုးလဲမရကြ၊ အတ္တမပါလေတော့ အနတ္တ ဘာသာ အေးအေးဆေးဆေးဖြစ်လာပြီး ပျက်သွားတာဘဲ။

ဤကဲ့သို့ အနတ္တဘာသာ မသိရလတော့ အတ္တက ထွက်ခွာ တော့တာပေါ့။ (ငါ့အိမ်က ငါရှိမှဖြစ်မှာတဲ့ ငါမရှိမဖြစ်ဘူးတဲ့၊ ပြီးတော့ ငါ့မျက်စိ ငါ့နား ငါ့နှာခေါင်းလို့လဲ စွဲပြန်တာဘဲ၊ နင်တို့နဲ့နေရတာ ငါစိတ်မရှည်ဘူး။ ငါက စိတ်တိုမိရင် မရဘူးနဲ့ စိတ်ကို တိုတယ် ရှည်တယ် တိုင်းပြီး မဆိုင်တာကိုဆိုင်တယ်လုပ်ပြီး စွဲတော့တာဘဲ၊ ငါ့ဥစ္စာ ငါရဘို့ ငါကောင်းဘို့ ငါစံဘို့

ငါခံတို့ တနည်း ငါမစံရဘူး ငါမခံရဘူးနှင့်)မနေဘမှာ ဒီအတ္တ ဝင်ပြီး အလုပ်ရှုပ်နေတော့ ဘယ်အေးဆေးတော့မလဲ။

**အတ္တအလိုက သမုဒယသစ္စာမှတ်၊**
**အနတ္တ နဂိုက ဒုက္ခ သစ္စာမှတ်၊**
**အတ္တအလိုချုပ်ငြိမ်းရာက နိရောဓသစ္စာမှတ်၊**
**ချုပ်ငြိမ်းရာကို သိမြင်တာက မဂ္ဂသစ္စာမှတ်၊**

ဒါကြောင့် ကျေးဇူးရှင် ကျောက်သဘော် ဆရာတော် ဘုရားကြီးက (စိတ် စိတ်အတိုင်းထား၊ ဒီအတိုင်းကတော့ ငြိမ်း နေပါတယ်)လို့ ဗမာစကားသက်သက်နှင့် အနတ္တတရားကို ရည်ရွယ်ပြီး မိန့်ကြားတော်မူတာပေါ့။

**စိတ် စိတ်အတိုင်းထားပုံကတော့**

(အနတ္တအနေနဲ့ ဝါ အတ္တအစွမ်းမပါဘဲနဲ့ စိတ်ကို မပြု မပြင် မစီရင်ဘဲ သူ့နဂိုအတိုင်း ထ ားတာပေါ့။)

ဒီလိုဆို စိတ်တခုက စိတ်တခုကို ထားလို့ ဖြစ်ပါမလားလို့ မေးစရာရှိပါတယ်။

အဖြေကတော့ လွယ်ပါတယ်၊ စိတ်တခုက စိတ်တခုကို အတ္တအစွမ်းနှင့် သွားထားတာမျိုး မဟုတ်ဘူး၊ ရှေးဦးစွာ အနတ္တဉာဏ် ပြဋ္ဌာန်းလို့ အတ္တနှင့်မဆိုင် ပိုင်တာလဲမဟုတ်၊ အတ္တနှင့်လိုသမျှ လိုရာမပြီး အချည်းနှီးဘဲလို့ သိမြင်တဲ့အနတ္တ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်လာသဖြင့် အတ္တအစွမ်းမထုတ်ဘဲ၊ ဝါ စိတ်ကို ဘယ်လိုမှ အားမစိုက်ဘဲ နဂိုမူလ သူ့သဘာဝ အတိုင်းတိုင်း သူ့ဘာသာနေတဲ့ စိတ်ကလေးကို စိတ် စိတ်အတိုင်းထားတယ်လို့

4 သိပါမြင်ပါနားလည်ပါ။

အနတ္တ တရားဆိုတာ နဂိုမူလ သူ့သဘာဝ အတိုင်းတိုင်း သူ့ဘာသာပြီးနေပြီးတဲ့ တရားဘဲ။

ဤ ဟာစ ဗျာပါဒေါစ သတ္တကိစ္စံ၊

ဆိုသည့်အတိုင်း အတ္တအစွမ်းနှင့် ဝါငါ့သဘောငါ့အလိုနှင့် လုပ်သမျှတွေဟာ အကုန်ပိုတာဘဲလို့ သိတော့ သူ့ဘာသာ နဂိုရှိပြီးနှင့် အသာနေသွားတာပေါ့၊ ဤလိုနေတတ်ခြင်းသည် ကျေးဇူးရှင် ဆရာတော်ဘုရား ဟောတော်မူတဲ့ (စိတ် စိတ် အတိုင်းထား ဒီအတိုင်းကတော့ ငြိမ်းနေပါတယ်) ဆိုတဲ့ ဘောင်အတွင်းသို့ ဝင်သွားပါတယ်။

ဥပမာအားဖြင့်

ပြောလို့မရတဲ့သား မပြောဘဲထားသလို၊ ခိုင်းမကောင်းတဲ့ နွား မခိုင်းဘဲထားသလို၊ ကိုင်မကောင်းတဲ့ဓါး မကိုင်ဘဲထား သလို ကိုင်ပြီး ရွှေ့ပြီးထားတဲ့ အထားရယ် မကိုင်ဘဲ မရွှေ့ဘဲ ထားတဲ့ အထားရယ် အဲဒီ ထားနှစ်ခု ခြားနားသိသလို စိတ် အတိုင်းတိုင်း ထားကိုလဲ ခြားနားသိပါ။

ဤကဲ့သို့ ငါ့အလိုနှင့် လိုသမျှ နဂိုမူလထက် ဆိုးလာလို့ ပိုတာဘဲသိတော့ အပိုမလုပ်ဘဲနေသဖြင့် နဂို စိတ်အတိုင်းတိုင်း ထားရမည်ဟော့တာပေါ့၊ ဒီကဲ့သို့ နဂိုစိတ်အတိုင်းနေတော့ အပိုငြိမ်းရာအတိုင်းတိုင်း မြင်တာပေါ့။

အဲဒါကြောင့် သင်တို့ သီလဆောက်တည်တယ် သမာဓိ ရှိတယ် ဆိုတာ နဂိုအတိုင်းတိုင်း ဉာဏ်ယှဉ်ပြီး နေသွားတာကို သီလရှိတယ် သမာဓိရှိတယ် ဟုပြောတာပါ၊ ဉာဏ်ယှဉ်တယ် ဆိုတော့ အထက်က ရေးပြခဲ့တဲ့ အတိုင်း အနတ္တဉာဏ်ယှဉ်တာ

ပေါ့၊ ဂုဏ်အနတ္တဉာဏ်ယှဉ်ထားတော့ အတ္တအနေနှင့် ဘာမှ မကျူးလွန်တဲ့အတိုင်းတိုင်း နေတာပါဘဲ၊ ကိုယ့်အနေငါ့အနေ နှင့်ဘာများ အားစိုက် အင်စိုက် လုပ်ထား ရဘာမဟုတ် ပါဘူး၊ ဒီကဲ့သို့ အတ္တအနေနှင့် ဘာမှ အားစိုက် အင်စိုက် လုပ် မထားရလို့ အနတ္တ သီလ အနတ္တ သမာဓိ လို့ ခေါ်တာပေါ့၊ ယခုတော့ အတ္တငါ့အနေ ကိုယ့်အနေနှင့် ဘာမှ မပြုမလုပ်ရဘဲ သူ့နဂိုအရှိအတိုင်း စင်ကြယ် နေတာကို အတ္တနှင့် ဘာမှ မဆိုင် ဘဲနှင့် ငါ့သီလ ငါ့သမာဓိလို့ သွားစွပ်စွဲတာ မဟုတ်လား၊

ကိုယ်လုပ်ထားရင်တော့ ကိုယ့်ဟာလို့ ပြောသင့်ပါတယ်၊ယခု တော့ပြောရုံတွင်မကဘူး တဘက်သတ်သက်သက်စွပ်စွဲထားတော့ အတ္တသီလ ဖြစ်တော့တာပေါ့၊ သီလ သမာဓိတရားက သံသရာ မလည်တတ်ပါဘူး၊ ဤကဲ့သို့ နဂိုအရှိ မသိမမြင်ရင်တော့ အလို ဆိုတဲ့တဏှာက ဆူးလှည်းကြီးများလို ဟိုငြိဒီငြိ နှင့် ငြိကုန်တော့ တာပေါ့၊သို့ကလိုဆူးလှည်းပမာငြိတွယ်တဲ့အလိုတဏှာစရိုက်က နဂိုအစုလိုက်အမြဲမရှိတဲ့အနိစ္စမို့သာအမြဲရှိရင်ခက်ခက်ရချည်ရဲ့၊

အမြဲမရှိတဲ့အလိုတဏှာခဏတည်းခိုတာတောင်အိန္ဒြေပျက်အလွန် အနေခက်တာဘဲ ခဏတည်းခိုပြီး ပျက်သွားပေမဲ့ (မုဆိုးနွားနီး မုဆိုး၊ တံငါနွားနီးတော့ တံငါ။ တံငါကြီးကမွေးတော့ တံငါ ကလေးဖြစ်ဘာဘဲ)ဆိုတဲ့စကားပုံကို လွဲပြောင်းရန် မလွယ်လှတဲ့ ဥပမာလို တဏှာဟာလဲ အမြဲမရှိ ခဏတည်းပြီး ပျက်သွားပေမဲ့ ရှေ့ဖြစ်တဲ့ တဏှာက နောက်တဏှာအမျိုးတွေ ရောက်လာ အောင် လက်ပေးထားခဲ့သလိုဘဲ၊ နောက်တဏှာရောက်မဲ့နေရာ မရောက် မလာနိုင်အောင် ပြောင်းလွှဲပြီး အနတ္တဉာဏ် မဂ်

ဉာဏ် အစားထိုးပေးဘို့ မလွယ်လှဘူး၊ ဒီတော့ တဏှာပစ္စယာ တဏှာဆိုသည့်အတိုင်း တဏှာပြီးတော့ တဏှာဖြစ်သဖြင့် ဒုက္ခ ပြီးတော့ ဒုက္ခဖြစ်တယ်လို့ လွယ်လွယ် သိပေတော့၊ တဏှာ ပစ္စယာ ပညာအစားထိုးလိုက်နိုင်ရင် ပြောင်းလွဲသွားပြီလို့ ပြော ရမှာပေါ့၊ ဘာပညာလဲမေးတော့ မဂ်ပညာပေါ့၊ အဲဒီ မဂ်ပညာ ဂ်ဉာဏ်အစားရောက်ရင် မဂ်ဉာဏ်က ဘယ်သူ့ကျေးဇူးပြု၍ နေရာပေးမှာလဲလို့ မေးရင် မဂ်နောက် ဖိုလ်ရောက်မှာပေါ့လို့ ဖြေရုံပါဘဲ၊ ဒီကဲ့သို့ မဂ်နောက် ဗိုလ်ရောက်ခဲ့ရင်တော့ အလို တဏှာဟာ ခါတိုင်းလို အားစိုက် အင်စိုက် မနှိပ်စက်နိုင်ဘူး ဆိုတာ သေချာပါဘယ်။

ဒါ့ကြောင့် တဏှာ ပစ္စယာ ပညာ ဖြစ်ကြပါစေခြင်းငှာ ရည်သန်စိတ်ထား မေတ္တာပွါး၍ သစ္စာတရား ရေးသားသည့် အတိုင်း ဦးပဥ္စင်းရဲ့ မေတ္တာဓါတ်ခံပေါ်မှီးပြီး သစ္စာဉာဏ်ကြီး ပေါ်လာအောင် တိကျ ပြတ်သားစွာ ဖတ်သွားရန် မေတ္တာ ရပ်လိုက်ပါတယ်။

ဘာကြောင့်လဲဆိုတော့ လက္ခဏာသစ္စာတရား သိမထားရင် ခိုရာမရှိ အလိုတွေငြိပြီး (ဟိုမမီ ဒီမရောက်) ဆိုတဲ့ စကားလို အဖြေခက် အရှင်းခက် ဆင်းရဲတွင်း နက်လှန်းလို့ မချိမဆန့် မတည်တန့်အောင် နှိပ်စက်တဲ့ အလိုတတဏှာကို ဟိုအခါတုန်းက အဖေါ်လုပ်ခဲ့ပါတယ်၊ အဲဒါလိုအဖေါ်မလုပ်သင့်တဲ့ စိတ်တဏှာ ကို အဖေါ်အဘက် လုပ်ခဲ့မိလို့ စားရာမအေး သောက်ရာမ အေး ရောင်းဝယ်ရာမအေး လှူဒါန်းရာမအေး ဒီတဏှာပါရင် ဘယ်နေရာ နေနေ ဘာအလုပ် လုပ်လုပ် ဘယ်အဝတ်ကိုဘဲ

ဝတ်ဝတ် အေးငြိမ်းကွက် မပေးဘူးလို့ သိပါ၊ ဒီတဏှာဟာ မျက်နှာ ပြောင်တိုက်ပြီး နှိပ်စက်တာဘဲ၊ ဝတ်ကြောင်ပုဆိုး အိုးအိမ်ထောင်နဲ့ နေသူကို မဆိုထားနဲ့ ဖန်ရေစွန်းသော ဝတ်သင်္ကန်းနှင့် သာသနာ့ ဝန်ထမ်းဆိုတဲ့ တိဿရဟန်းကြီးဟာ နှမ လှူတဲ့ သင်္ကန်းကို အာသာက တန်းပေးလိုက်တာနှင့် သန်း ဖြစ်ရတယ်လို့ ဗုဒ္ဓက ထုတ်ဟကာ ပြောခဲ့တယ်မဟုတ်လား၊ ပြီး တော့လဲ နှစ်ပေါင်း မြောက်မျှားစွာ လောကီ အကျင့်သိက္ခာ ပြည့်စုံပါလျက်နှင့် ပိန်းမြက်ဖျားကလေးကို မတော်မဆ ဆွဲဖြတ်မိ တာနှင့် ဆုတ်နစ်သော ကုက္ကုစ္စတဏှာက ဥပါဒါန်နယ်ဘက် သယ်ယူပေးလိုက်တော့ ကမ္မပစ္စည်း ဖြစ်သွားသဖြင့် ရေကပတ္တ နဂါးဖြစ်ရပါတယ်လို့ ဘုရားကို သူကိုယ်တိုင် လျှောက်ထားတာ မဟုတ်လား၊ ဒီတဏှာနှိပ်စက်လို့ ဖြစ်ရပ်တွေရေးနေရင် ကုန် နိုင်မှာမဟုတ်တော့ပါဘူး။

ဒါ့ကြောင့် တဏှာရဲ့ကုန်ရာကြည့်ပြီး ကုန်ကြောင်းအကျင့် ကျင့်ရုံမှတပါး တဏှာကိုနိုင်တဲ့နည်း မရှိတော့ဘူးလို့ သိပါ၊ ဤကဲ့သို့ မှီခိုရာမရအောင် နှိပ်စက်နေတဲ့တဏှာ မှီခိုနေကဲ့ရင် ဘယ်မှာမှီခိုရာရမလဲ ဘာကြောင့်လဲ ဆိုတော့ မှီခိုစရာမဟုတ် တာ မှီခိုနေလို့ပေါ့၊ ဥပမာအားဖြင့် ဒီမှာဘက်ကမ်းကဟိုမှာ ဘက်ကမ်းသို့ ကူးသောသူသည် ဟိုမှာဘက်ကမ်း မရောက်ခင် ရေလယ်၌ လှေငယ်ကလဲ မတွေ့သေးဘူးတဲ့၊ ဒီတော့ ရေလယ်မှာ နစ်တော့မဲ့ဆဲဆဲဖြစ်နေပြီ၊ အဲဒီအခါမှာ နစ်မဲ့ရေကို အားကိုးလို့ အားကိုးရာရပါ့မလား စဉ်းစားပါ၊ နစ်မဲ့ ရေကို အားကိုးရင် တော့ အားကိုးရာ မဟုတ်တာ အားကိုးသည့်အတွက် ထောက်

တည်ရာမရ အရှုခက် အရှိုက်ခက် နစ်သေရုံ ရှိတော့တာဘဲ မဟုတ်လား၊ စင်စစ်ကတော့ ရေနစ်မယ်ဆိုရင် ဖေါင်တို့ သောင်တို့ လှေတို့ ကျွန်းတို့သာလျှင် မှီခို အားထားစရာ ရှိတော့တဲ့ ဥပမာလို သံသရာ ဒီမှာဘက်ကမ်းကနေပြီး နိဗ္ဗာန် တည်းဟူသော ဟိုမှာဘက်ကမ်းသို့ ကူးတုန်း ကူးဆဲအခါမှာ တဏှာအာသဝ အာရုံရေတွေကို အားကိုးနေကြမယ်ဆိုရင် အားကိုးရာမရ၊ အာသဝ အာရုံရေထဲမှာ အရှုခက် အရှိုက်ခက်ထောက်တည်ရာမရ နစ်ကြရုံရှိတော့တာဘဲ။

အဲဒါကြောင့် အားကိုးရာမရတဲ့ တဏှာအာသဝ အာရုံ ရေတွေကို အားကိုးနေကြလို့လဲ အချို့ချို့များမှာ အရှုခက် အရှိုက်ခက် နစ်မွန်းနေကြတာဟာ အတွေ့ ဖြစ်ကြပါလိမ့်မယ်၊ ဒါ့ကြောင့် အာသဝအာရုံ ရေနစ်မှာ ကြောက်ရင် နိဗ္ဗာန် တည်းဟူသော ကျွန်းသောင်သို့ သယ်ဆောင် ပို့တော်မူကြတဲ့ သပ္ပုရိသ သူတော်ကောင်းကြီးများကိုလဲ အားထား မှီခိုဆည်း ကပ်ရလိမ့်မယ်၊ ပို့ဆောင်သည့်အတိုင်း ကျွန်းကြီးပမာ ထောက် တည်ရာဖြစ်တဲ့ နိရောဓသစ္စာ အေးငြိမ်းသော ဓါတ်ကြီးကိုလဲ ဆည်းကပ် မှီခိုကြရလိမ့်မယ်၊ ဤကဲ့သို့ မှီခိုရာ အားထားရာကို ရောက်ကြောင်း ဖြစ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်အောင် နှိုးကြားသော သမ္မာသတိ ရှိကြရမယ်၊ ဒါမှ သာလျှင် ကိလေသာဘေး ကင်းစင်ဝေး၍ အအေးကြီးအေး အငြိမ်းကြီး ငြိမ်းရာ ဆိုက်ရောက်နိုင်သော တံခါးပေါက်ကြီးက ဟင်းလင်း ပွင့်နေသဖြင့် သွားရင်းအေး စားရင်းအေး ရောင်းရင်း ဝယ်ရင်းအေး ဒီသာသနာမှာ ကမ္ဘာပါအေးနိုင်တဲ့ ဆေးဟာ (ပဋိပဒါ မဂ္ဂင်အကျင့် ဆေးတော်ကြီးဘဲလို့ သိပါ။)

အဲဒါလို ပဋိပဒါ ဖြောင့်တန်းသော မဂ္ဂင်အကျင့်ဆိုတာ သင့် စိတ်ပယောဂနှင့် ဘာမှ အားမစိုက်ရဘဲ ဒီအတိုင်း သူ့သဘောကျ ငြိမ်းအေးသော နိရောဓသစ္စာတရားကို မြင်၍ အေးတဲ့အတိုင်း ငြိမ်းတဲ့အတိုင်း နေသောအကျင့်ကို ပဋိပဒါ အကျင့်လို့ ခေါ်တာပါဘဲ၊ ရှင်းရှင်းကတော့ ကိလေသာလောဘ စိတ်ရန်ကို စိတ်ကကြံတွေးပြီး အဖေါ်အဖက်မလုပ်တဲ့ အတိုင်း တိုင်း နေတဲ့အကျင့်ပေါ့၊ အရပ်စကားနှင့်ပြောရင် ကိလေသာ ပွဲစားမလုပ်တာပေါ့၊ ကိလေသာပွဲစားဆိုတာ တခြားမမှတ်နှင့် မိမိက ကိလေသာမဖြစ်သေးတာ ဖြစ်အောင် စိတ်နှင့်ရှာကြံတွေး တောပြီး အဖေါ်လုပ်၊ မိမိလုပ်တဲ့ ကိလေသာအဖေါ်က မိမိလဲ ကော်သူတပါးလဲ ဆော်ကုန်တော့ ကိလေသာတရားတွေ ဗွက် ပေါက်လာတော့တာပေါ့၊ တနည်းအားဖြင့် အတင်းပြောအဖျင်း ပြော ဂုံးချော ဂုံးတိုက်ကစပြီး ကိလေသာ အရောင်းအဝယ် လုပ်လိုက်တာပေါ့၊ စကားရောင်း စကားဝယ်လုပ်တယ်လို့ ပြော ကြတာဟာ အဲဒါ ကိလေသာတဏှာ အရောင်းအဝယ်လုပ်တာ ဘဲ မှတ်လိုက်၊ အဲဒီကစပြီး စိတ်ထဲက ကြိတ်ခဲလို့ မရအောင် ဆူ ပွက်လာတာဟာ ကိလေသာ အရောင်းအဝယ်လုပ်ကြလို့ ကိလေ သာအမြတ်ရလာသဖြင့် ကိလေသာတဏှာသူဌေးကြီး ဖြစ်ကြ ပါရော။

တနည်းအားဖြင့် ပူပန်စေတတ် နှိပ်စက်တတ်တဲ့ တဏှာ စိတ်ရန်လက်ခံမွေးစားထားခြင်းသည်အိမ်မှာချည်ပြီး မွေးကျွေး ထားရတဲ့ ခွေးဆိုးနှင့်လဲ အလားတူပါတယ်၊ ခွေးဆိုးကိုလဲ အားကိုးရမလားလို့ မွေးကျွေးထားလိုက်ပါ ကလေးနှင့်

လူကောင်းကိုသာ ဟိန်းလိုက် ဟောက်လိုက် လုပ်တာပါ၊ ခွေးကြည့်လိုက်စမ်းပါဆိုရင် ပို၍ပင် ဆိုးလိုက်သေးတယ်၊ဒါထဲက လမ်းထွက်ကိုက်ရင် ရှော်ရသေးတယ်၊ အိမ်သားမှာ အေးအေး နေရတယ်မရှိဘူး ထမင်းစားနေပေမဲ့ ဆင်းကြည့်ရသေးတယ်၊ တကယ်ဆိုးတဲ့ လူဆိုးကျတော့ ခေါင်းထောင်လို့တောင်မကြည့်ရဲ ပါဘူး၊ အဲဒီကဲ့သို့ ခွေးဆိုးပမာ ဒိတ္ထာဟာလဲ အနူတောသာ လူချောလုပ်ပြီး ဟိန်းလိုက် ဟောက်လိုက်နှင့် ဘုရားဆုံးမတဲ့ အတိုင်းရိုးသားဖြောင့်မှန်သော အကျင့်မြတ်ကို ကျင့်တတ်အောင် လိုက်စားမဲ့ကြရင် ဒိတ္ထာက ကိုက်ဝါးဖျက်ဆီး အကျိုး မကြီးအောင် နှောင့်ဖွဲ့ချုပ်ချယ်တတ်တယ်၊ အိုခြင်း ဆင်းရဲ နာခြင်းဆင်းရဲ သေခြင်းဆင်းရဲဆိုတဲ့ တရားဆိုး တရားညစ်တွေ ကျတော့ မဖြစ်အောင်ဟဲ့လို့ ဒိတ္ထာ ခေါင်းတောင် ထောင်မကြည့်ရဲပါဘူး၊ထိုတရားဆိုးတို့ရဲ့ လွတ်ရာလွတ်ကြောင်း အကြံဥာဏ်တောင်းပြန်တော့လဲ ဒိတ္ထာက သူဟာသူတောင် ဘယ်သွားရမှန်းမသိ ဖြစ်နေတော့ ဘာမှလဲ ချမ်းသာရာ ချမ်းသာကြောင်း အကြံဥာဏ်တောင်းလို့ရတာမဟုတ်ဘူး၊ဒါဖြင့် ခွေးဆိုးပမာ တဏှာကို အလိုလိုက် အကြိုက်ပေးပြီး မွေးစား ထားရတာ အိမ်သားပမာ ကြည်လင်တဲ့စိတ်အစဉ်ဟာ ဆင်းရဲ တာ ပိုတာဘဲလို့သိပါ၊ ဒါ့ကြောင့် သတိသံဝေဂ စဉ်းစား စရာဖြစ်ဘိုကတော့ ဒိတ္ထာနှင့် ဒိဘဝ အသက်ရှည်နေရတာဟာ မျက်မမြင် လမ်းမှန်မသွားထတ်တာဘဲလို့ သိကြရမယ်၊မျက်မမြင် များဟာလဲ ရောက်လိုရာရောက်မှသာလျှင် စိတ်ချမ်းသာမှာဘဲလို့ ဆုံးဖြတ်ချက်တခုနှင့် ချမ်းသာရာစမ်းပြီး လမ်းရှာသွားတာဘဲ မဟုတ်လား၊ သို့ပေမဲ့ မမြင်ဘဲနှင့် ရမ်းစမ်းသွားရလေတော့

လမ်းက မမှန်ဘူး၊ ဒီတော့ ရောက်ချင်ရာမရောက် မရောက်ချင်တဲ့ ချောက်ထဲကျတော့တာပေါ့၊ သူ့အားကိုးလို့ လိုက်သူတွေ သူကျသလို တပြွတ်ကြီးကျကြရောပေါ့၊ အဲဒီမျက်မမြင်ဥပမာကဲ့သို့ တဏှာဆိုတဲ့ အကာဏ်းဟာလဲ မှားတဲ့လမ်းကိုလဲမမြင်၊ မှန်တဲ့လမ်းကိုလဲမသိ၊ အကာဏ်းလမ်းသွားဆိုသည့်အတိုင်း ရမ်းသွားနေတော့တာဘဲ၊ ဒီတော့ သတ္တဝါတွေဟာ ပကတိဆန္ဒရှိကြတာကတော့ ချမ်းသာရာရောက်ဘို့ ရည်မှန်းကြတာဘဲ၊သို့ပါသော်လဲ အကာဏ်းတဏှာ သူရမ်းသွားတဲ့နောက် လိုက်မိတာကြောင့် ရည်မှန်းရာမရောက် မရည်မှန်းတဲ့ဒုက္ခတည်းဟူသော ချောက်ထဲကျကြရတယ် မှတ်။

အကာဏ်းတဏှာ ကာဏ်းတာတော့ မပြောနဲ့တော့ ဒါက ကံလမ်း၊ ဒါက စျာန်လမ်း၊ ဒါက ဉာဏ်လမ်းရယ်လို့ ခြားနားစွာ မြင်တတ်တာမဟုတ်ဘူး၊ တနည်းအားဖြင့် ဉာဏ်လမ်းမဘက် ကံလမ်း စျာန်လမ်းသက်သက်နှင့် ဆင်းရဲ တည်းဟူသော ဗွက်ထဲက မတက်နိုင်ဘူးလို့လဲ ဒီတဏှာက မမြင်တတ်ဘူး၊ ဤကား အနိစ္စ ဤကား ဒုက္ခ ဤကား အနတ္တ ဤကားနိရောဓသစ္စာ ဤကား မဂ္ဂသစ္စာလို့ ဒီတဏှာမြင်ဘို့ရာလဲအဝေးကြီးဘဲ၊ အဲဒါကြောင့် လမ်းမှန် လမ်းမှား ခြားနားမမြင်တဲ့ အကာဏ်းတဏှာ သူရမ်းတာကြောင့် ချမ်းသာရာ မရောက် ဆင်းရဲပေါက်ကိုသာ ဖွင့်ပေးသောတဏှာကိုအဝေးကခွာပြီး အေးရာခတ်ထူးပြန့်ပြူးသိမ်မွေ့ ပြကတေ့ ချမ်းသာသော အကျင့်မြတ်ကိုကျင့်တတ်သည့်အတိုင်း ကျင့်ပါတော့မယ်လို့ ဆုံးဖြတ်ချက်ချပေတော့။

အဲဒီကဲ့သို့ တကျာဝေးကွာ အေးငြိမ်းရာဆိုတဲ့ တရားကြီးက လဲ အဝေးမှာ သွားရှာရတဲ့ တရားမဟုတ်ပါဘူး၊ သင့်သဘောနဲ့ ဘာမှ မယူဆမိုက သူ့သဘောကျအတိုင်း အေးပြနေတာဘဲ၊ ဒုက္ခတရားကသာလျှင် ဖြစ်ပြတဲ့အမျိုးပါ၊ နိဗ္ဗာန် နိရောဓသစ္စာ တရားက အေးပြတဲ့တရားပါ၊ အဲဒီ အေးပြတဲ့ တရားကြီးက ညြပနေယျ ိက ဂုဏ်အရ ငါက အေးပြတဲ့အတိုင်း အေးရာနှင့် သာ အေးတဲ့အတိုင်းနေပါ၊ ငြိမ်ငြေပြဲ့ ကိလေသာရန်တွေ မနှိပ်စက်ရအောင် ငါစောင့်ရှောက်ပါ့မယ်လို့ မပြောပေမဲ့ ပြောသလိုပါဘဲ။

## ပမာအားဖြင့်

မိခင် ဘခင် ကောင်းကြီးများဟာ သားငယ် သမီးငယ် ကလေးတွေအပေါ်မှာ အမျိုးမျိုးသောဘေးအန္တရာယ်ကာကွယ် ထားသလိုပေါ့၊ ဤကဲ့သို့ အန္တရာယ် ကာကွယ်စောင့်ရှောက်တဲ့ မိခင် ဘခင်ကို ခလေးက ပုန်ကန်သွားရင်တော့ မိခင် ဘခင် ဝတ္တရားမဟုတ်ပေဘူး၊ အမျိုးမျိုးသော ဘေးရန်တွေ တွေ့ရ သကဲ့သို့ပေါ့၊ နိဗ္ဗာန်အေးငြိမ်းရာ တရားကြီးကလဲ မိခင် ဘခင် ကောင်းကြီးသဖွယ် သူနဲ့သာ မှီနေရမယ်ဆိုရင် ညစ်ပူခက်ထန် ဆင်းရဲကြောင်းကိုကြံတဲ့ ကိလေသာ ဘေးရန်တွေ မထိမခိုက် ရအောင် စောင့်ရှောက်ပါတယ်၊ ပထမ သောတာပန်ဖြစ်ရင် သကဒါဂါမ်ဖြစ်အောင်၊သကဒါဂါမ်ဖြစ်ရင် အနာဂါမ်အဖြစ်သို့ ကြီးပြင်းလာအောင်၊ အနာဂါမ်ဖြစ်ရင် ရဟန္တာအဖြစ်သို့ ထိရောက် အောင်မြင်အောင် တာဝန်ယူထားသလိုပါဘဲ၊ အဲဒါထဲက ခလေးသဖွယ် မိခင်ကို ပုန်ကန်သွားသကဲ့သို့ နိဗ္ဗာန်

အငြိမ်းခေတ်ကြီး ပုန်ကန်ကာ ခွာရှောင်ပြီး ချမ်းသာလက်ငုတ် အရင်းပြုတ်အောင် နှိပ်စက်တဲ့ အကာဏ်း တဏှာနှင့် ပေါင်းအုံးမယ်ဆိုရင်လဲ သင်တို့သဘောပါဘဲ။

ဤကဲ့သို့သစ္စာလေးအင် အစဦးပထမ သိမြင်တော်မူပေသော ဘုရားရှင်သည် သူ့ကိုယ်၌ ငြိတွယ်စွဲကပ် တဏှာခေတ်တွေကို သစ္စာဉာဏ်တည်းဟူသော လက်နက်ကြီးနှင့် ပယ်ဖျက်ဖြိုးခွင်း၍ ငြိမ်းအေးခြင်းသို့ ရောက်ရပါတယ်၊ သို့ကလို ကိုယ်တော်တိုင် ငြိမ်းအေးပြီးသည့်နောက် (ငါအေးရင် ပြီးရောလို့) ဆိုတဲ့ တကိုယ်ကောင်းဝါဒ တကောင်ကြွက်အယူ သက်ခံတော်မမူဘဲ အားလုံးသော သတ္တဝါဝေနေယျအပေါင်းတို့လဲ အေးငြိမ်း စေမယ်ဆိုတဲ့ မဟာဂရုဏာတော် ရှေ့ထား၍ လေးပါးသော သစ္စာကို သိမြင်တဲ့ သစ္စာဉာဏ်လက်နက်ကြီးကို ပဥ္စဝဂ္ဂီငါးဦး တို့အား ရှေးဦးစွာ အပ်နှင်းတော်မူခဲ့တယ်မဟုတ်လား၊ အဲဒီ ပဥ္စဝဂ္ဂီငါးဦးသားတို့မှာလဲ ထိုသစ္စာဉာဏ် လက်နက်ကောင်း ကြီးရသည်နှင့်တပြိုင်နက် ရေချိုး မီးလှုံဘုံးခုန် ဖန်တို့ သို့ကလို အယူဖေါက်ပြန် ကိလေသာစိတ်ရန်တွေကို ထိုသစ္စာဉာဏ်လက် နက်ကြီးနှင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင်ရှင်းလင်း ကြသဖြင့် နောက်ဆုံးမှာ ရဟန္တာဖြစ်ခြင်းကြီး ဖြစ်တော်မူကြတယ် မဟုတ်လား။

အဲဤကဲ့သို့ ရှေးဦးပထမ ဘုရားရှင်ကိုယ်တော် မြတ်ကြီးမှ စတင်၍ သစ္စာလေးအင် သိမြင်တော်မူတဲ့ သစ္စာဉာဏ်သက်နက် ကြီးကို ကိလေသာစိတ်ရန်တွေ ပယ်ဖျက်ရန် ဆင့်ကူးဆင့်ကမ်း ဉာဏ်သက် လှမ်းခဲ့ကြပေသို့ ယခုအချိန်အထိ ဝိစိကိစ္ဆာ

စိတ်မသမာတွေကို ထိုသစ္စာဉာဏ်လက်နက်နှင့် ဆက်လက်ပြီး ပယ်ဖျက်ဖေါက်ထွင်း ပကတိအေးငြိမ်းခြင်းသို့ မျက်မှောက်ပြုကြရပါတယ်။

အဲဒါကြောင့် ရှေးအရိယာကြီးတွေရဲ့ ထုံး နှလုံးထားသောအားဖြင့် အစ၊ အလယ်၊ အဆုံး သစ္စာဉာဏ် ပွင့်ပေါ်ရေးနှင့် နိဂုံးသတ်ရေးသွားပါမယ်၊ သို့ကလိုလေးပါးသစ္စာကိုခြားနားစွာ သိတဲ့ သစ္စာဉာဏ် ကေန်ဖြစ်ခဲ့ပါလျှင် ဂိုဏ်းဂဏ ဝါဒအသီးသီး တရားရေးနဲ့ ပတ်သက်၍ ငြင်းခုန်လို့မပြီးနိုင်တာတွေလဲ တခါထဲ ပြီးသွားနိုင်ပါတယ်။ တနည်းအားဖြင့် တရားထဲကိုယ်ထည့်ပြီး သူ့တရားကိုယ့်တရား၊ သူ့အယူ ကိုယ့်အယူ၊ သူ့မှု ကိုယ့်မှုဆိုတာတွေလဲ ယူစရာမရသဖြင့် တခါထဲ ခဝါချလိုက်ရတော့တာပါဘဲ။

## သိထားဘို့က

မြန်မာသတ္တ၊ မွန်လေးဝနှင့်၊ ရှမ်းကသုံးဆယ်၊ ခြောက်ဆယ်ကုလား၊ လူမျိုးတရာ့တပါးဆိုတာ အပေါ်ပရမတ်ကိုမသိသဖြင့် အခေါ်ပညတ်မှာစွဲပြီး အယူအဆရေးနှင့် လူမျိုးတရာ့တပါးရယ်လို့ ဝိဝါဒကွဲသွားတာပါ၊ အယူကွဲဘယ်လို့ ပညတ်အရစွဲကြသော်လဲ ပရမတ် တရားသဘောကတော့ မကွဲမပြား တသားတည်း တပေါင်တည်းပေါင်းပြီး သိရမယ်၊ ကုလားဗမာ ရှမ်း မွန်လို့ ခေါ်ကြာတာက ပညတ်ပါ၊ ပေါ်ပြတာက စိတ်ပရမတ်နှင့် ရုပ်-ရမတ်မှန်ပါတယ်၊ တနည်းအားဖြင့် စိတ် စေတသိက် ရုပ်နိဗ္ဗာန်ပရမတ္ထတရားလေးပါးရှိသည့် အတိုင်းပေါ့ အဲဒီပေါ်ပြတဲ့ စိတ်ပရမတ်ကသာလျှင် သူ့တရား ငါ့တရား

သူ့ဂိုဏ်း ငါ့ဂိုဏ်းရယ်လို့ အလှိုင်းတကြီး ယူဆနေတာ မဟုတ်လား၊ ဒါ့ကြောင့် သူ့ဘာသာ ငါ့ဘာသာ သူ့တရား ငါ့တရား သူ့ဂိုဏ်း ငါ့ဂိုဏ်းဆိုတာ စိတ်ဖြစ်နေတာဘဲ၊ စိတ်မှ တပါးငါ့တရားသူ့တရား ငါ့ဂိုဏ်း သူ့ဂိုဏ်းရယ်လို့ ယူဆတတ်တာမရှိဘဲကိုးလို့ သိပါ၊ ဒီစိတ်နဲ့ ယူဆပြီးစိတ်လောဘစိတ်ဒေါသ စိတ်သောကတွေ ဖြစ်ကြတာဘဲမဟုတ်လား၊ အဲဒီစိတ်နှင့် ယူဆလို့ဖြစ်လာတဲ့ စိတ်လောဘတရား စိတ်ဒေါသတရား ကြတော့ ကုလားဗမာ သူ့တရားကိုယ့် တရားရယ်လို့ခွဲခြား၍ မရ အတူတူ တမူထဲကျနေတယ် မဟုတ်လား၊ ကုလားရဲ့ ဒေါသစိတ်က မဲတယ် ဗမာ့ဒေါသစိတ်က ဖြူတယ်လို့ စိတ်တရားကို ခွဲခြားယူလို့မရဘူး၊ တနည်းအားဖြင့် သူ့ဒေါသ စိမ်းတယ် ငါ့ဒေါသကနီတယ် တရားပြင် သူငါမရှိလို့ခွဲခြား၍ မပြနိုင်ပါဘူး၊ သစ္စာတရား မမြင်တာခြင်းတူလို့ အယူချော် လျှင် ပုဖေါ်လောင်ဘက် ဆိုသည့်အတိုင်း ပုစိတ်ဆွေးစိတ်မုန်း စိတ် ချစ်စိတ်ယိုဖိတ်မလွဲ အတူတူဘဲဖြစ်တာ မှန်ပါတယ်။

အဲဒါကြောင့် ဘာသာအရပ်ရပ် ဂိုဏ်းဝါဒ အသီးသီးတွေ ကွဲလွဲသွားရတယ်ဆိုတဲ့ ပညတ်အသုံးအခေါ်တွေဟာယူဆသော စိတ်ပရမတ်ပေါ်မှီးပြီး ခေါ်ဝေါ်ခြင်းဖြစ်တာဘဲလို့ သိပါ၊ ဘယ်လောက်ပင် အရေအတွက် အခေါ်အသုံး အယူအဆ များတယ်ဆိုပေမဲ့ ဘုရားဟောနှင့်တရားသဘောမူချကြည့်တော့ တသားထဲ တမူထဲကျတာတွေ့ရတော့တာဘဲ။

## ဟောဒီအောက်နားကြည့်စမ်းပါ

အယူအဆ ရေးရာဘက်က ဘာကိုဘဲ ယူဆယူဆမူချ ကြည့်တော့ ယူဆသမျှစိတ်နှင့် ယူဆရတာဘဲ မလွဲကေန်

မှန်ပါတယ်၊ အဲဒီယူဆတဲ့စိတ်ဟာစိတ်ပါဘဲ၊ ပုဂ္ဂိုလ်သတ္တဝါ ဖြူနီကြောင်ကြား ယောကျ်ားမိန်းမ ဘာသာ အသီးသီး ဂိုဏ်းကြီးတွေလဲ ယူဆတဲ့စိတ်ထဲမပါပါဘူး၊ ယူဆတဲ့ စိတ်ဟာ ယူဆဆဲ ခဏ္ဍသာလျှင်ဖြစ်ပြီး ပျက်စီးသွားသဖြင့် မရှိတော့လို့ အနိစ္စတရားခေါ်ပါတယ်၊ ၎င်းအယူအဆစိတ်သည် မယူဆမှီက နိမိတ်တောင်မရှိနိုင်လို့ အနိမိတ္တ အနိစ္စတရား ခေါ်ပါတယ်၊ မဖြစ်သေးတာလဲ စိတ်ပါဘဲ၊ ဖြစ်လာတော့လဲ စိတ်ပါဘဲ၊ ဖြစ်လာပြီး ပျက်စီးလို့ မရှိဘူးဆိုတာလဲ စိတ်ပါဘဲ၊ကုလားဗမာ သူငါဆိုတာ မရှိတဲ့ပညတ်မို့ ခွဲခြားလို့ မရပါဘူး၊ဒါ့ကြောင့် ကုလား ဗမာ ယောကျ်ားမိန်းမဆိုတာ အစကထဲက မရှိလို့ ကုလားဗမာဖြစ် ကုလားဗမာပျက်၊ ယောကျ်ားမိန်းမဖြစ် ယောကျ်ားမိန်းမ ပျက်တယ်လို့ မရှိပါဘူး၊ စိတ်ဖြစ်လို့ စိတ်ပျက်တာသာ မှန်ပါတယ်၊ ဒါဟာလက္ခဏာ နည်းနှင့် ဂိုဏ်းဝါဒ ဘာသာအသီးသီး ပေါင်းပြလိုက်တဲ့ နည်းပါဘဲ။

အဲဒီကဲ့သို့ သစ္စာဉာဏ် လက္ခဏာဉာဏ် လက်နက်ကြီးနှင့် ဝိဝါဒရှုပ်ထွေးမှုတွေကို ဖျက်ဆီးသုတ်သင် ခုတ်ထွင်တဲ့ နည်းနဲ့ သူ့အယူကိုယ့်အယူ သူ့ဘာသာ ကိုယ့်ဘာသာ သူ့တရား ကိုယ့်တရားဆိုတာ စိတ်ဖြစ်တာဘဲလို့ သိရမယ်၊ ဒီကဲ့သို့ စိတ်ဖြစ်သမျှ အယူအဆတွေဟာ ဗုဒ္ဓဟောခဲ့တဲ့ မူနဲ့ချကြည့် လိုက်တော့ ဒုက္ခသစ္စာတခု ဖြစ်တာဘဲလို့ သိပါ၊ ယူဆလိုတာက သမုဒယသစ္စာလို့ သိပါ၊ ထိုဒုက္ခသစ္စာ နှင့် သမုဒယသစ္စာ နှစ်ပါးမှလွဲ၍ သူ့ဂိုဏ်း ငါ့ဂိုဏ်း သူ့တရား ငါ့တရားရယ်လို့ တခြားမရှိဘူးလို့ သိပါ၊ တနည်းအားဖြင့် ထိုဒုက္ခသစ္စာနှင့်

သမုဒယသစ္စာတရား နှစ်ပါးမှလွဲ၍ တရား အားထုတ် အလုပ်လုပ်တတ်သော သူငါတပါး ဘာသာသီးခြား မရှိပါဘူးလို့ သိပါ။

အဲဒါလို တရားရေးနှင့် ပတ်သက်၍ အယူအဆရေးရာဘက်က ရှုပ်ထွေးတာကတော့ အဆန်း မဟုတ်ပါဘူး၊ ဘုရားရှင် ရှိစဉ်တုန်းကလဲ ရှင်သာရိပုတ္တရာအလောင်း မကောင်းသော သံသယ ဝိစိကိစ္ဆာရှိနေရှာတော့ အရှင်အဿဇိထံသို့ သူတော်ကောင်းအင်္ဂါကြည့်၍ တရားတောင်းပန်တယ် မဟုတ်လား။

**တရားတောင်းပန်ပုံကတော့**

အပ္ပံ ဝါဗဟုံ ဝါဘာသတု၊ အတ္ထမေဝ မေဗြူဟိ၊
အတ္ထမေဝ မေအတ္ထော၊ ကိံ ကာဟိသိ ဗျဉ္ဇနံဗဟုံ။

ဤဂါထာ၏ အဓိပ္ပါယ်ကတော့ "အရှင်ဘုရား၊ နည်းနည်း ဟောဟော များများဟောဟော တပည့်တော်အား ယုံမှားခြင်း ဝိစိကိစ္ဆာ ကင်းလောက်အောင် နားလည်နိုင်သော ပြောဟော ခြင်းဖြင့် ဟောတော်မူပါဘုရား"လို့ တောင်းပန်ရှာသတဲ့။

ဒီတော့ ရှင်အဿဇိမထေရ်မြတ်ကဘုရားပရမေသည်အများ တတွေ သစ္စာဉာဏ်လက်နက်ကြီးကို အပ်နှင်းတဲ့ အကြောင်း ကောင်းမှန်စွာ ဟောပြလိုက်တာဘဲ မဟုတ်လား၊ မာဂဓဘာသာအားဖြင့်။

ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံဟေတုံ တထာဂတော၊
အာဟတေ သဉ္စနိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။

၎င်းဂါထာ၏ အဓိပ္ပါယ်ကတော့ ဖြစ်ဖြစ်သမျှ ဒုက္ခသစ္စာ တရားသည် ဖြစ်ကြောင်းသမုဒယသစ္စာတရားကြောင့် ဖြစ်သည်ဟု

ဟောတယ်၊ ထို ဒုက္ခသမုဒယတို့၏ ချုပ်ရာ နိရောဓသစ္စာ ကိုလဲ ဟောတော်မူတယ်၊ ထိုဒုက္ခသမုဒယချုပ်ရာကို မျက်မှောက် ပြုသော မဂ္ဂသစ္စာကိုလဲ ငါတို့ဆရာ ဘုရားမြတ်စွာ ဟောတော် မူတယ်၊ ဒီကဲ့သို့ သစ္စာလေးပါး သိမြင်နိုင်တဲ့ တရားလက်နက် ပေါ်ထွက်လာအောင် ဒို့ဘုရား ဟောမြွက်တော် မူတယ်လို့ ဟောပြောပြလိုက်တော့ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်သို့ တည်သွားတယ်၊ နောက်ဘုရားနှင့်တွေ့တော့ ရဟန္တာကြီးဖြစ် သွားရတယ် မဟုတ်လား။

## သစ္စာမြင်ချက်

အဲဒီကဲ့သို့ ဝိဝါဒစိစိကိစ္ဆာ အကုန်လုံးရှင်းနိုင်တဲ့ သစ္စာဉာဏ် လက်နက်ကြီး ပေါ်ထွက်လာပုံကတော့ ဘယ်လိုနေနေ ဘာကို ယူယူ ဘာတွေလုပ်လုပ် မလုပ်လုပ် ဘာတွေဖြစ်ဖြစ် မဖြစ်ဖြစ် အကုန်မှန်တာဘဲလို့ မြင်တဲ့ဉာဏ်သည် (သစ္စာဉာဏ်လက်နက်ကြီး ပေါ်ထွက်လာတော့တာဘဲ) ဒီဉာဏ်ဖြစ်လာတော့ ဘယ်လိုမှ ခုခံ၍ ငြင်းနေတော့တာ မဟုတ်ဘူးလို့ သိပါ၊ သို့ကလို သစ္စာ ဉာဏ် မဖြစ်သေးရင်တော့ ပြုလုပ်မှ မှန်တယ်၊ အားထုတ်မှ မှန်တယ်လို့ တဖက်သတ် တကြောင်းတိုက် ယူပြန်တာဘဲ၊ တနည်းအားဖြင့် သူ့ဘာသာကမှန်တယ်၊ ငါ့ဘာသာကမှန်တယ်၊ သူ့တရားက မှန်တယ် ငါ့တရားကမှန်တယ် လို့ အမှန်တရားထဲ သူ့ဘာ့ ငါတမျိုးထည့်ပြီး အငြင်းကြီး ငြင်းကြပြန်တာပါဘဲ၊ အဲဒါကြောင့် သစ္စာဉာဏ်လက်နက်နှင့် တချက်ထည်းရှင်းထွက် အောင် ရှုပ်ထွေးမှုကို ဖြိုခွင်းပစ်ထုတ် အမြစ်ပြုတ်ဘို့ကတော့ ပြုလုပ်တော့ ပြုလုပ်မှုဖြစ်တာမှန်တယ်၊ အားထုတ်တော့ အား

ထုတ်မှုဖြစ်တာလဲ မှန်တယ်လို့သိပါ၊ နောက်တနည်း အမှန်ကတော့ အားမထုတ်ရဘဲ မပြုလုပ်ရဘဲနှင့် သူ့နဂို အလိုလို မှန်နေတဲ့တရားကို သိဘို့က အဓိက အရေးကြီးပါတယ်။

## မြင်သာအောင် တင်စားရေးရရင်

ဆဲရေးတိုင်းထွာပြီး အရှိုင်းတွင် ထိပ်သီး နွားသတ်နေတဲ့ နွားသတ်သမားကြီးကလဲ မှန်နေတာဘဲ၊ ဘယ်လိုမှန်သလဲဆိုတော့ ဖြစ်ကြောင်းအနေနှင့် ဖြစ်မှုမှန်တယ်၊ ဝါ၊ အပါယ်ရောက်ကြောင်း အနေနှင့်မှန်တယ်၊ ထိုအမှုကိစ္စတွေ ဘာမှ မလုပ်တဲ့ သူကလဲ မှန်နေတာဘဲ၊ ဘယ်အနေနှင့် မှန်သလဲဆိုတော့ ဘာမှ မဖြစ်တဲ့ အနေနဲ့မှန်တာဘဲလို့ သိပါ၊ အဲဒီဘာမှမဖြစ်ရာ အမှန်တရားကတော့ ဘယ်လိုမှ မှန်အောင်မလုပ်ရဘဲနှင့် အလိုလိုမှန်နေတဲ့တရားဘဲလို့ သိ၊ ဒီလိုသိတဲ့ သစ္စာဥာဏ် မဖြစ်ကြလေတော့ မှန်အောင်လုပ်မှ မှန်တယ်ဆိုတဲ့ ဝါဒဘက်က တဖက်သတ်နေတော့တာဘဲမဟုတ်လား။

## သတိပေးတဲ့အနေနဲ့ ရေးလိုက်ပါတယ်

အဲဒါကြောင့် ဘာမှ မပြုမလုပ် အားမထုတ်ဘဲနေသူများကို မှားတယ်လို့မျှား သွားမစွပ်စွဲပါနှင့် စော်ကားရာကျပါတယ်၊ အထက်က ရေးပြခဲ့တဲ့ အမှန်သဘောတရားကို မူအားဖြင့် ရေတွက်ပြရလျှင်။

၁။ ဖြစ်အောင်လုပ်လို့ ဖြစ်မှုအနေနဲ့ မှန်တဲ့တရားကတော့ ဒုက္ခသစ္စာ တရားအနေနဲ့ မှန်တယ်လို့သိရမယ်။

၂။ ဖြစ်ကြောင်းအနေနဲ့ ဖြစ်အောင်ပြုချင်တဲ့ အလိုအမှန်

တရားကတော့ သမုဒယသစ္စာတရားအနေနဲ့ မှန်တယ်လို့ သိရမယ်။

၃။ မနေ့စိတ်နှင့် ဖြစ်ကြောင်းမပြုမှိုက အလိုလိုငြိမ်းနေတဲ့ တရားအမှန်ကတော့ နိရောဓသစ္စာ တရားအနေနဲ့ မှန်တယ်လို့ သိရမယ်။

၄။ အားမထုတ်ရဘဲ အလိုလို နဂိုငြိမ်းတဲ့ နိရောဓသစ္စာ တရားကို မြင်တဲ့ အမြင်မှန်ကတော့ မဂ္ဂသစ္စာတရား အနေနဲ့ မှန်တယ်လို့ သိရမယ်။

အဲဒါကြောင့် ဗုဒ္ဓက မူချပြီး သစ္စာဥာဏ်လက်နက်ကြီးကို ပြတ်သားစွာ အပ်နှင်းခဲ့တာပေါ့။ စာလိုကတော့ (သဗ္ဗေသင်္ခါရာ ဒုက္ခာ) ဗမာလိုကတော့ မင်းတို့စိတ်နှင့် ယူဆတဲ့ဝိဝါဒအယူ အဆတွေ မူချကြည့်တော့ ဒုက္ခသစ္စာမှ ပို မဖြစ်ဘူးလို့ ဟော တယ်မှတ်၊ နဂိုမူလမဟုတ်ဘဲနှင့် အပိုယူဆလိုတဲ့ အလိုကလဲ သမုဒယသစ္စာ ဖြစ်တာဘဲမှတ်၊ သမုဒယသစ္စာ ဖြစ်ကြောင်း တရားကြောင့် ဖြစ်မှု ဒုက္ခသစ္စာတရားပြင်မှ သူငါလဲမရှိ သူငါ မရှိလို့ သူ့ဂိုဏ်း ငါ့ဂိုဏ်း သူ့တရား ငါ့တရား သူ့ဝါဒ ငါ့ဝါဒလဲမရှိ၊ ထိုဒုက္ခသမုဒယအပြင်မှ သုံးဆဲ့တဘုံလို့ တသီး တခြား မရှိဘူး၊ ဖြစ်ကြောင်းမှန်လို့ ဖြစ်မှုတရားသာမှန်တယ်လို့ ဗုဒ္ဓက အမှန်တရားကို ကြည့်၍ သိမြင်တော်မူသည့် အတိုင်း ဟောခဲ့တာပါ။

နောက်တချက်ကတော့ ဖြစ်ကြောင်းဆိုတဲ့ အလိုယူဆမှုတွေ စိတ်က ဘာမှမယူဆသေးတဲ့အတိုင်းတိုင်းနေတော့ ဘာမှမဖြစ်ရာ အတိုင်းတိုင်း မြင်လိမ့်မယ်၊ မြင်တဲ့အတိုင်းတိုင်း အနေများ

သွားရင် မဖြစ်ကြောင်းအကျင့်ဘဲတဲ့၊ အဲဒီ ဘဝမှ မဖြစ်ဘဲ ဒီအတိုင်းတိုင်း အဖြစ်လွတ်နေတဲ့ မဖြစ်ရာတရားက ဖြစ်ပေးလို မှုတွေနှင့် မဆက်ဆံသဖြင့် ဗုဒ္ဓက (သဗ္ဗာ နိသဂ္ဂါ) ဖြစ်ကြောင်း တွေကို အလုံးစုံ ငါစွန့်လိုက်ပြီတဲ့။

အဲဒါကြောင့် ဗုဒ္ဓအပ်နှင်းတော်မူခဲ့တဲ့ သစ္စာဉာဏ်လက်နက် ကြီးကို ဆင့်ကူး ဆင့်ကမ်း ဉာဏ်လက်လှမ်းပြီး ရကြသည့် အားလျော်စွာ သုံးဆဲ့တဘုံဆိုတာ ဘာလဲ ဖြစ်ကြောင်းသမု ဒယသစ္စာတရားကြောင့် ဖြစ်မှု ဒုက္ခသစ္စာအပေါ်ကို အမည် ပညတ်အမျိုးမျိုးတပ်ပြီး အငှါးခေါ်နေကြတာဘဲ၊ အလကား အလကားပေါ်နေတဲ့ ဒုက္ခသစ္စာတရားက ဘယ်နှယ်မှ အသုံး ချမဖြစ်ဘဲကိုးလို့ အသိကြီးသိပြီး၊ ဒုက္ခဖြစ်ကြောင်း သမုဒယ သစ္စာ တဏှာစိတ်ရန်ကိုရှာကြံ၍မပေါင်းကြတော့ဘဲ၊အကြောင်း သမုဒယသစ္စာဆိုတာ စိတ်နှင့်ပြုပေးလို့ ဖြစ်တာကိုးလို့ သိ၊ ပြုမ ပေးမိုက ဒီအတိုင်းတိုင်းအေးနေတာကိုးလို့ မြင်ကြပေတော့။

## သစ္စာလေးပါးတရားအစဉ်

၁၊ ဖြစ်မှုက ဒုက္ခသစ္စာတရားအနေနဲ့ မှန်တယ်လို့သိပါ။

၂၊ ဖြစ်လိုမှုကသမုဒယသစ္စာတရားအနေနဲ့မှန်တယ်လို့သိပါ

၃၊ ချုပ်ကြောင်းကမဂ္ဂသစ္စာတရားအနေနဲ့မှန်တယ်လို့သိပါ

၄၊ ချုပ်ရာကနိရောဓသစ္စာတရားအနေနဲ့မှန်တယ်လို့သိပါ။

ဒီကဲ့သို့ သစ္စာလေးပါး တရားအမြင် တရားမရှိအောင် မြင်ရတော့ သင်သည် သစ္စာဉာဏ်ဖြစ်ပြီလို့ ဆုံးဖြတ်ပါ၊ မမြင်သေးရင်လဲ အားမငယ်ပါနှင့် သင့်စိတ် သင်အသိဆုံးပါ၊

၎င်း သစ္စာလေးပါး တရားပေါ်ကို သင့်စိတ်က ဝိဝါဒအထွေထွေ ကသိကအောက် ဖြစ်လာရင် သစ္စာလေးပါး တရားအစဉ်ကို (၁)ကစပြီး (၄)အထိ စဉ်ပြခဲ့တယ်၊ တရားနှင့်ပတ်သက်၍ စိတ် ကသိကအောက် ဖြစ်လာရင် (၁)နဲ့ (၂)သစ္စာနှစ်ပါးထဲ ထည့်လိုက်တာပေါ့။

သစ္စာလေးပါး တရားအပြင် ဘာမှ မရှိဘူးလို့ မြင်တဲ့ သစ္စာဉာဏ်လက်နက်ကြီး ပေါ်ထွက်လာတာမှန်ရင် ငါ့အလိုနှင့် ပြုသမျှ သမုဒယဘဲဟဲ့၊ တနည်း ငါ့အလိုနှင့် လုပ်သမျှဒုက္ခဘဲဟဲ့ ထိုဒုက္ခနှင့် သမုဒယအပြင် ပြုတတ် လုပ်တတ်သော ငါလဲမရှိပါလားလို့ သိတော့ ငါ့အတွက်နှင့်ကောင်းအောင်မကောင်းအောင် ဘာမှ ပြုလုပ်မပေးတော့တဲ့အတိုင်းတိုင်းနေရင် ဒီအတိုင်းတိုင်း အေးငြိမ်းရာ မြင်ပါလိမ့်မယ်၊ ဤကဲ့သို့ မြင်ခဲ့ပါရင် (၃) (၄) စဉ်ထားတဲ့ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာထဲ ထည့်လိုက်။

တနည်းအားဖြင့် သစ္စာဉာဏ်လက်နက်ကြီးနှင့် သိပုံကတော့ ဖြစ်ကြောင်း သမုဒယကြောင့် ဖြစ်မှုဒုက္ခတွေကလဲ တစဉ်ကြီး ဘဲလို့ သိထားပါ၊မဖြစ်ကြောင်း မဂ္ဂသစ္စာကြောင့် မဖြစ်အင်က လဲ တပြင်ကြီးနေတာဘဲလို့ သိထားပါ၊ သို့ကလို ဖြစ်ကြောင်း ကြောင့် ဖြစ်စဉ်တရား မဖြစ်ကြောင်းကြောင့် မဖြစ်ရာတရား မှန် နေတဲ့ သစ္စာလေးပါးတရားအပြင် မရှိတဲ့ ပညတ်အငှါးယူပြီး အ လကား ဆူမနေကြပါနဲ့လို့ အပြစ်ဘယာမကပ်ရအောင် မေတ္တာ ရပ်လိုက်ပါတယ်၊ သစ္စာပရမတ် အသိမှန်ခဲ့ပါလျှင် မရှိတာကြီးပြီး အထက်အောက် တောင် မြောက် အရှေ့ အနောက် ဟိုဟိုဒီဒီ အလီလီအလာလာ ယူဆပြီး ငြင်းမနေတော့ပါဘူး၊ စင်စစ်က သစ္စာတရားဆိုတာ ဟိုဟိုဒီဒီ အလီလီ မပါပါဘူး။

မပြောင်းမလဲ တကြောင်းထဲမှန်ပါတယ်၊ အဲဤကဲ့သို့ တကြောင်းတိုက် မဖေါက်မပြန် မှန်ကန်သော သစ္စာဥာဏ်မဖြစ်မီ ကတော့ ငါ့အလိုနှင့် ငါရေးကိုသာ အားတက်သရော ပြုလုပ် အားထုတ်ခဲ့ကြပါတယ်၊ သစ္စာဥာဏ် နှင့် ဖြစ်ရပ်အမှန် ကြည့်လိုက်တော့ ငါမရှိဘဲနှင့် ငါ့အတွက်လိုသမျှ ဖြစ်ကြောင်း သမုဒယမှန်တယ်၊ ရေတွက်တဲ့နည်းနဲ့အခါပေါင်း ဘယ်လောက် လိုလို ဖြစ်ကြောင်း သမုဒယသစ္စာတခုက မပိုတော့ဘဲကိုးလို့ သစ္စာဥာဏ်နှင့် မြင်တာပေါ့၊ ရေတွက်တဲ့နည်းနှင့် ဖြစ်ကြောင်း သမုဒယကြောင့် ဘယ်နှစ်ခါ ဘာဖြစ်ဖြစ် ဒုက္ခသစ္စာတခု အပြင် ပိုမဖြစ်ဘူးလို့ တထစ်ချ ယုံကြည်လာအောင် သစ္စာဥာဏ်နှင့် မြင်တာပေါ့။

ဥပမာအားဖြင့် လောကမှာ ကိုယ့်အတွက်နှင့် ကိုယ်ရဘို့ ဆိုရင် အာသာအလိုနှင့် လုပ်တာပေါ့၊ တနည်း သူတပါး ရယူ နိုင်လို့ ပေးဘို့ ရဘို့ ဆိုရင်လဲ ဝိုင်းပြီး ကူညီ လုပ်နိုင်သေးတယ်၊ ယခုတော့သစ္စာဥာဏ်ဖြစ်လာသဖြင့်ကိုယ်မရှိလို့ကိုယ့်အတွက်လဲ ရရောက်မဖြစ်၊ သူမရှိလို့ သူ့အတွက်လဲ လုပ်ပေးလို့မဖြစ်တာ သိတဲ့ သစ္စာဥာဏ် ဖြစ်လေတော့ ထန်းလည်ဆစ်ချိုး အတက် မပေါက်နိုင်သလို၊ ငါ့အတွက် သူ့အတွက်နှင့် ပတ်သက်၍ ပြုလို လုပ်လို အားထုတ်လိုတဲ့ တဏှာ အာလယက ဖြစ်မလာနိုင်သဖြင့် တနည်း ပြုလုပ်လိုတဲ့ စိတ်ကိုက မရှိလေတော့၊ ဝါ၊ ချုပ်နေ လေတော့မပြုမလုပ်သေးတဲ့စိတ်အတိုင်းတိုင်းနေရတော့တာပေါ့၊ ဒီတော့မှ အလုပ်မရှိရာ နိဗ္ဗာနသစ္စာကို မဂ္ဂသစ္စာဖြင့် အဆင်သင့် ပွင့်ပြီး မြင်သွားတော့တာပေါ့၊ အဲဒါလိုမြင်တော့မှလောကုတ္တရာ နိဗ္ဗာန်ဆိုတာ အလုပ်မရှိ ပကတိ အတိုင်း နေတာဘဲလို့

ဟောပြောတာ တခါထဲ တချက်ထဲ တကွက်ထဲမြင်ပြီး ယုံကြည် သွားတော့တာဘဲ။

အဲဒါကြောင့် အထက်ကအထောက်အထားနှင့်ရေး ပြခဲ့တယ် မဟုတ်လား၊ သုတ္တနိပါတ် သဠာယတန သံယုတ်ပါဠိတော်မှာ ပါတဲ့ အတိုင်းပေါ့၊ ဒီကဲ့သို့ သစ္စာဉာဏ်အမှန်ပွင့်လာတော့၊ဝါ၊ ချုပ်ငြိမ်းရာနိရောဓသစ္စာမြင်တဲ့ဉာဏ်ဖြစ်လာတော့၊ အန္တံဆင်းရဲ ကင်းဘို့ ချမ်းသာဘို့ရန် အားထုတ်၍ အလုပ်လုပ်ရသော ကိစ္စအပေါင်းတို့၏ အဆုံးသို့၊ ဂတော၊ ရောက်ရလေတော့၏။

အဲဒါကြောင့် သိအပ်မြင်အပ်တဲ့ လက္ခဏာသစ္စာတရားကိုသိ တတ်မြင်တတ်တဲ့ သစ္စာဉာဏ် လက္ခဏာဉာဏ် အဆင်သင့် ပေါ် ပွင့်လာလောက်အောင် ရေးခဲ့တာလဲ အတော်များသွားပါပြီ၊ ဤတွင် (သစ္စာဉာဏ်မြင် နိဗ္ဗာန်ဝင် ဟောစဉ်စတုတ္ထ) ဆိုတဲ့ စာတမ်းအဆုံးခါးပတ် နိဂုံးသတ်ပါတော့မယ်။

ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ ဟုတ်မှန် ဖေါ်ထုတ်ပြန်၍ ဟုတ်မှန်သောသစ္စာတရားကိုရေးသားဖတ်ရှုသတိပြုကာနာကြား ကြရခြင်းကြောင့်၊ သာဓဝေါ၊ လုံ့လထားကာ ဖတ်ရှုကြားနာ ကြရသော သင်ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်း တို့သည်၊ ဝါ၊တပည့်သာဝကအပေါင်းသူတော်ကောင်းတို့အား၊ နိရောဂါ၊ ရောဂါမကပ်ဥပဒ်မတွယ်အန္တရာယ်အပေါင်းမကောင်း မှန်သမျှ မကျလွတ်ကင်း ဘေးရှင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း၊ ဝါ၊ရှေ့ရေးနောက်ရေးစိတ်မတွေး မှိက ပကတိအေးအေးပြနေတဲ့ အေးမမှအေးနိဗ္ဗာန်ကိုသစ္စာဉာဏ် အဖန်ဖန်မှီးကြ၍ အအေးကြီး အငြိမ်းကြီး အေးနိုင် ငြိမ်းနိုင်ကြ ပါစေကုန်သတည်း။

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် ( ၁၀၇၅ )

ဦးဘိုးကြွယ်
မှတ်ပုံတင် အမှတ် ( ၀၂၄၃ ) ( ၀၁၅၃ )
စန္ဒာဝင်း ပုံနှိပ်နှင့် စာအုပ်ထုတ်ဝေရေးတိုက်။
အမှတ် ၂၂၊ ၁၅၇ - လမ်း၊ တာမွေ၊ ရန်ကုန်မြို့။
မှ ရိုက်နှိပ်ထုတ်ဝေသည်။

မဟာရန်ကုန်

သင်္ဃန်းကျွန်းမြို့—ကျိုက္ကစံဘုရားအရှေ့ဘက်

ကျောက်သဘော်ရိပ်သာ

# ဝိမုတ္တိဉာဏဒဿနအဖွဲ့

အမှုဆောင်မှ

## ထုတ်ဝေသည်

ရနိုင်သော စာအုပ်များ

(၁) ကျောက်ဆည်မြို့၊ ကျောက်သဘော် ဆရာတော်ဘုရားကြီး ဟောကြားလေ့ရှိသော သုခပဋိပဒါ လမ်းစဉ်၊ မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင် တရားဒေသနာ။

(၂) မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်–ဉာဏ်လေယာဉ်။

(၃) ဦးနန္ဒိယ ရေး – သစ္စာဉာဏ်မြင် တရားတော်။

(၄) ဦးဝိသုဒ္ဓ ရေး ( နိဗ္ဗာန်မြင်သိ ဝိမုတ္တိ တရားတော် )

အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ

ထုတ်ဝေသူ—အောင်သိန်း ( ဥက္ကဋ္ဌ )

ဝိမုတ္တိဉာဏဒဿနအဖွဲ့။